# ဝဏ္ဏနသာရဝိသာဝိနီ

ပြည်ထောင်စု မြန်မာ နိုင်ငံတော် သမ္ဗုဒ္ဓဘာသာကြီး
"ဓမ္မမဟာသီရိသုခမ္မ" ဒေါက်တာဦးဘဦးလက်ထက်
ပြည်ထောင်စု မြန်မာနိုင်ငံတော်၌
ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ဆင်နွှဲနေသည့်အချိန်

လက်ပံတန်းမြို့၊
" သဒ္ဓမ္မဇောတိကဓမ္မာစရိယဂါတကဗ္ဗသိုလ် "
ဆရာတော်ဘုရား
အသုံးချေးသားတည့်ထွင် စီရင်တော်မူအပ်သော

# ပဋ္ဌာနသာရဝိဘာဝနီ

## ပဋ္ဌာန်းဂဏ္ဍိကျမ်းကြီး၊
## တတိယတွဲ၊

---


တဆင့်ကူးယူရေးသားပုံနှိပ်ခွင့်မပြု၊



လက်ပံတန်းမြို့၊
နဂရသိဒ္ဓိပိဋကတ်ပုံနှိပ်တိုက်။
၁၃၁၇-ခုနှစ်၊




လက်ပံတန်းမြို့။
ဓာတုကထာဝိဘာဝနီကျမ်းပြု
သဒ္ဓမ္မောဒယအဘိဓမ္မာညဝါတက္ကသိုလ်ဆရာတော်ဘုရားပုံ။

# ဆဋ္ဌသင်္ဂါယနာ မဟာနိဒါန်း။

**ဆဋ္ဌသင်္ဂါယနာ မဟာနိဒါန်း။**

ပဋ္ဌာနသာရ ဝိဘာဝနီ အဘိဓမ္မာညွှဝါ ပဋ္ဌာန်းဂဏ္ဌိ(တတိယတွဲ)ကျမ်းကြီး၏ နိဒါန်းကို၊ သာသနာတော်သက္ကရာဇ်(၂၄၉၉)ခု၊ ကောဇာသက္ကရာဇ်(၁၃၁၇)ခု၊ နတ်တော်လဆန်း(၂)ရက် သောကြာနေ့မှစ၍၊ ရန်ကုန်မြို့ကမ္ဘာအေးသိရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌၊ မြန်မာ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုစ်, ဗီယက်နန် ထေရဝါဒတိုင်းနိုင်ငံများမှ သံဃာတော်(၅၀၀)ကျော်တို့က ဘုရားသျှင်၏ သဗ္ဗညုတဉာဏ်တော်ဘုက်စားရာ ပဋ္ဌာန်းအဘိဓမ္မာပါဠိတော်ကြီးကို ဆဋ္ဌသင်္ဂါယနာတင်တော်မူကြသည့်အချိန်တွင်၊ ၎င်းဆဋ္ဌသင်္ဂါယနာတင်ရာသိရိမင်္ဂလာကုန်းမြေဇမ္ဗူဒိပကျောင်းဆောင်အလယ်ထပ်အခန်းအမှတ်(၁၁)၌ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဟန်းပညာယှိကြီး လူပညာယှိကြီး အသီးသီးတို့ မြန်မာပြန်ဆိုတော်မူကြသော မဏိမနိကာယ်မူလပဏ္ဏာသပါဠိတော် မြန်မာဘာသာပြန်ကျမ်းကြီးကို ထပ်မံသုမ်သင် ပြင်ဆင်တည်းဖြတ်ခြင်း ပရိုဝိသောဓနအမှုပြုနေဆဲအခါ၊ အထူးရေးသားပြုပြင်စီရင်အပ်လေသောကြောင့်"ဆဋ္ဌသင်္ဂါယနာမဟာနိဒါန်း"ဟု အမည်ပေးလိုက်ခြင်းဖြစ်ပေသည်၊

**ဆဋ္ဌသင်္ဂါယနာ၏ အစ။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌၊ မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ဘုရားသျှင်သာသနာတော်ကြီး၏ အရင်းမူလဖြစ်သော ပရိယတ္တိသာသနာ အဓွန့်ရှည်စွာတည်ကုံ၍ သာသနာ့ဒါယကာ့သူဘိ အလွယ်တကူ မဖျက်ဆီးနိုင်ကြစိမ့်သော၄ါ၊ ပိဋကတ်သုံးပုံတို့ကို {ကျောက်စာရေးစေ၍} ပဥ္စမသင်္ဂါယနာကျောက်ထက်အက္ခရာ တင်တော်မူခဲ့ပြီးသော်လည်း၊ မြန်မာပြည်ကို အင်္ဂလိပ်တို့ အနှစ်(၁၀၀)တရာတိုင်တိုင် လွှမ်းမိုးအုပ်ချုပ်မင်းလုပ်ကြစဉ်က၊ ဗုဒ္ဓဘာသာဝင် အများအပြားပင် ခရစ်ယာန်,မဟာမေဒင်အစရှိသောဘာသာတပါးသို့ ကူးပြောင်းသွားကြကုန်၍၊ သာသနာ့ပြုမင်းနှင့်ကင်းကွာကာ၊ သံဃာရာဇာသာသနာပိုင်နှင့် စံနစ်တကျအုပ်ချုပ်မှုအားလုံးပျက်ပြား ဆုံးရှုံးသွားသည့်အပြင်၊ ကမ္ဘာစစ်မီး ဘီစီးနှိပ်

စက်၍ စိတ်ဓာတ်ပျက်ပြား အထောက်အပံ့ ပါးရှားလာမှုကြောင့် မြို့ကြီးများ၌ယေဘုယျအားဖြင့် ရဟန်းငယ်, ရှင်ငယ်အချို့တို့၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ငယ်တို့ကို ချိုးဖေါက်မှုဖြစ်ပေါ်လာသည်ကို မဟာဒဏ်ဝန်စသည်တို့က တားဆီးနိုင်စွမ်းမယှဉ်ဖြစ်ပြန်သဖြင့်၊ သာသနာတော်အလွန်ညှိုးငယ်နေစဉ်၊ ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော မြန်မာ့အာဇာနည်သူရဲကောင်းမျိုးချစ်ပုဂ္ဂိုလ်တို့က မြန်မာပြည်ကို အင်္ဂလိပ်တို့လက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့၍ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ်သို့ ရောက်ခဲ့ပြီးသော်လည်း၊ တိုင်းတပါးမှမိစ္ဆာဝါဒများ ဝင်ရောက်လွှမ်းမိုးလာပြန်သဖြင့်၊ ဗုဒ္ဓဘာသာမြန်မာ ရဟန်းရှင်လူ သူတော်ကောင်းတို့ ကောင်းစွာထိမ်းသိမ်း စောင့်ရှောက်လာခဲ့ကြသဖြင့်၊ ကြွင်းကျန်နေသေးသော ဗုဒ္ဓသာသနာတော်ကြီးကို အကြွင်းမဲ့ဖျက်ဆီးတော့မည့် ကြီးမားကြောက်မက်ဖွယ်ရာ သာသနာ့ဘေးအန္တရာယ်ကြီးသည် မြန်မာလူငယ်စသည်တို့အပေါ်သို့ ကျရောက် ကူးစက် လာပြန်သောကြောင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့က သာသနာရေးဌာနသီးသန့်ဖွင့်လှစ်ကာ၊ သာသနာရေးဝန်ကြီး ဦးဝင်း ( ယခုအမေရိကန်သံအမတ်ကြီး)ကို စီမံအုပ်ချုပ်စေ၍၊ သာသနာတော်ကို အားပေးချီးမြှောက်လာကြသည့်အပြင်၊ သာသနာတော်အကျိုးကို အထူးသိလားတော်တကြကုန်သော “**သတိုးသီရိသုဓမ္မ**” ဆာဦးသွင်၊ တရားဝန်ကြီးချုပ် “**သတိုးသီရိသုဓမ္မ, အဂ္ဂမဟာသရေစည်သူ**” ဦးသိမ်းမောင် တရားဝန်ကြီး “**သတိုးမဟာသရေစည်သူ**” ဦးချန်ထွန်းအစရှိသောလူပညာရှိပုဂ္ဂိုလ်ကြီးများကလည်း၊ သာသနာတော်ကွယ်ပျောက်တော့မည့် ဘေးအန္တရာယ်ကြီးကိုအချိန်မှီ ဟန့်တားကာကွယ်ရန် အကြံဖြစ်ပေါ်လာကြသည့်အတိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ သီတင်းသုံးနေထိုင်တော်မူကြကုန်သော၊ သုဓမ္မာ, ရွှေကျင်, ဒွါရဂိုဏ်းပေါင်းစုံ ကျမ်းတတ်အကျော်အမော် ဆရာတော်ဘုရားကြီးအသီးသီးတို့နှင့် တိုင်ပင်ညှိနှိုင်းကာ ဆဋ္ဌသင်္ဂါယနာတင်ရန် စိုင်းပြင်းကြလေသည်၊ ထိုအချိန်အခါမှစ၍ဆဋ္ဌသင်္ဂါယနာစတင်ပေါ်ပေါက်လာခဲ့ပေသည်။

**ဗုဒ္ဓသာသနာ့ အဖွဲ့ချုပ်ကြီး**

ယင်းသို့ စိုင်းပြင်း တိုင်ပင် ညှိနှိုင်း ကြကုန်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ အားပေးထောက်ခံချက်အရ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့

ချုပ်ကြီးကို၊ "**သတိုးသီရိသုဓမ္မ**" ဆရာဦးသွင်-ပဌမဥက္ကဋ္ဌ၊ တရားဝန်ကြီးချုပ် "**သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ**" ဦးသိမ်းမောင်-ဒုတိယဥက္ကဋ္ဌ၊ တရားဝန်ကြီး "**သတိုးမဟာ သရေစည်သူ**" ဦးချန်ထွန်း-အကျိုးဆောင်စသည်တို့ စီမံခန့်ခွဲကြီးမှူးတည်ထောင်လျက်၊ အလွန်ကြီးမားတင့်တယ်၍ မြန်မာ့ရာဇဝင်၌ မကြုံစဖူး အထူးကြီးကျယ်သော သိရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကို ဗဟိုပြုကာ၊ ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏလိုဏ်ဂူတော်ကြီး၊ သံဃာတော်များ သီတင်းသုံးတော်မူရန် ဇမ္ဗူဒီပ ကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်၊ ဥတ္တရကုရု ကျောင်းဆောင်၊ အပရဂေါယာန ကျောင်းဆောင်၊ ဘုံသုံးဆင့်အခန်းကြီးငယ်ပေါင်း မြောက်မြားစွာပါဝင်သော အုဋ်တိုက်ကျောင်းဆောင်တော်ကြီးစသည့် သာသနာ့အဆောက်အဦကြီးများကို ငွေသိန်းပေါင်း သုံးရာကျော်အကုန်အကျခံကာ တည်ဆောက်ကြကုန်၍၊ သိဒ္ဓိမင်္ဂလာသော ကမင်းတရား၏ ပုံထုံးကို နှလုံးမူကာ ပဉ္စသီးလေးပါးတို့ကို လိုသလောက်ပြည့်စုံအောင်ဆောက်ပံ့ကြလေသည်။

**သံဃာဝန်ဆောင် အဖွဲ့ကြီး** ဂိုဏ်းပေါင်းစုံ သံဃာတော်တို့ကလည်း၊ အသျှင်မဟာကဿပ အစရှိသော သင်္ဂီတိကာရက မဟာထေရ်တို့၏ ပုံထုံးကို နှလုံးမူကာ၊ သံဃာဝန်ဆောင်အဖွဲ့ကြီးကို မန္တလေးမြို့မိုးယံကောင်းတိုက် "**အဘိဓဇမဟာရဋ္ဌဂုရု**" ညောင်ရမ်းဆရာတော်ဘုရားကြီး ဥက္ကဋ္ဌ၊ ရန်ကုန်ဗားကရာတောရဆရာတော် အသျှင်နာဂဝံသ ပဌမအကျိုးဆောင်၊ မန္တလေး ဝိဇ္ဇာလက်ာရ ဆရာတော်အသျှင် ဝိသုဒ္ဓ ဒုတိယအကျိုးဆောင် အစရှိသော ထင်ပေါ်ကျော်ကြားသည့် ဘာသန္တရဆော, ဂန္ထန္တရ ဗဟုသုတ ဆရာတော်ကြီးများ ဦးစီးကာ တည်ထောင် ဖွဲ့စည်းတော်မူကြလေသည်။

**ဆဋ္ဌသင်္ဂါယနာ တင်ခြင်း** ယင်းသို့ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ချုပ်ကြီးမှ ပဏ္ဍယာနုဂ္ဂဟအမှု လုံလောက်စွာပြုချက်အရ၊ သံဃာဝန်ဆောင်အဖွဲ့ကြီးက ကြီးမှူးကာ မြန်မာ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအို(စ်)ဗီယက်နန် အစရှိသော ထေရဝါဒ တိုင်းနိုင်ငံများမှ

သံဃာရာဇာသာသနာပိုင် အစရှိသော ကျမ်းတတ် အကျော်အမော် သံဃာတော်(၂၀၀၀)နှစ်ထောင်ကျော်တို့ကို ပင့်ဆောင်ကာဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ကမ္ဘာကျော်အောင် ဆင်နွှဲတော်မူခဲ့ကြလေသည်၊

**ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်လာခြင်း** ယင်းသို့ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးဆင်နွှဲနေသည့် အချိန်နှင့် မရှေးမနှောင်းကာလ၌ ပိဋကတ်သုံးပုံ အာဂုံဆောင်"**အသျှင်ဝိစိတ္တသာရာဘိဝံသ**" အစရှိသော အာဇာနည်ပုဂ္ဂိုလ်ကျော်များ၊ ရဟန္တာဟု သမုတ်အပ်ကုန်သော "**ဝေဘူဆရာတော်**" အစရှိသော ပုဂ္ဂိုလ်ထူးများ ထင်ရှားပေါ်ပေါက်လာကြလေသည်၊

**ယိုးဒယား ဒုတိယ သာသနာပိုင်နှင့် ယိုးဒယား နန်းရင်းဝန်ကြီး** ယင်းသို့ ပိဋကတ်သုံးပုံ ပါဠိတော်များကို ဆဋ္ဌသင်္ဂါယနာ တင်တော်မူကြ၍ စတုတ္ထ အကြိမ်မြောက် ရောက်လတ်သောအခါ၊ ယိုးဒယားနိုင်ငံတော်မှ ဒုတိယသာသနာပိုင်၊ ဝပ် ပဋ္ဌမသံဃနာယက ဆရာတော်ဘုရားကြီးနှင့် ယိုးဒယားနန်းရင်းဝန်ကြီး"**ဖီးလ်မာရှယ်ဖီဗွန်ဆွန်ခွန်ဂရမ်**"တို့သည် ထူးခြားသော အဓိပ္ပါယ်ကို ဆောင်သည့် ဘုရားသျှင် ရုပ်ပွားမတ်ရပ်တော်တဆူကို ပင့်ဆောင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ယိုဒယားအစိုးရပိုင် လေယာဉ်ဖြင့်ကြွရောက်လာကြသောအခါနှစ်သိန်းကျော်ရှိမြန်မာလူထုကြီးက ခမ်းနားကြီးကျယ်စွာ သောင်းသောင်းဖျဖျ ကြိုဆိုကြလေသည်၊

**ဆဋ္ဌသင်္ဂါယနာ စတုတ္ထသျှာမ သန္နိပါတ** ထိုဆဋ္ဌသင်္ဂါယနာ စတုတ္ထ မဟာသမ္မ သဘင်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး"**အဂ္ဂသီရိသုဓမ္မ**" ဒေါက်တာ ဦးဘဦးက "သျှာမသန္နိပါတ"ဟု တွင်စေရန် အမိန့်တော်ပြန်ပြီးလျှင်၊ ယိုးဒယားနန်းရင်းဝန်ကြီး"**ဖီးလ်မာရှယ်ဖီဗွန်ဆွန်ခွန်ဂရမ်**"က **အခမ်းအနားဖြင့်** ဖွင့်လှစ်လိုက်သောအခါ ခရုသင်းသံ,စည်ကြီးသံ,ကောင်းချီးသာဓုခေါ်သံ တို့သည် နဘံတုန်ဟီး, ကြက်သီးထခမန်း, ရှင်လန်းကြီးကျယ်စွာ ပေါ်ထွက်လာချိန်၊ ယိုးဒယား ဒုတိယသာသနာပိုင် ဝပ် ပဋ္ဌမ သံဃနာယက ဆရာတော်ဘုရားကြီးက ဆဋ္ဌသင်္ဂါယနာ စတုတ္ထသျှာမ သန္နိပါတ၏ ပဓာနနာယကကြီးအဖြစ်ဖြင့် ဆောင်ရွက်တော်မူလေသည်၊

**ပဋ္ဌာန်းပါဠိတော်ကို သင်္ဂါယနာတင်ခြင်း**

ထိုဆဋ္ဌသင်္ဂါယနာ၏ စတုတ္ထသျှ ာသန္နိပါတ်၌ ဘုရားသျှင်၏ သဗ္ဗညုတဉာဏ်တော်ကျက်စားရာ မဟာသမုဒ္ဒရာ၊ ပမာနှိုင်းဆွယ်၊ နက်ကျယ်လှ၍၊ အတိဂမ္ဘီရတရဖြစ်သည့် ပဋ္ဌာန်း အဘိဓမ္မာပါဠိတော်ကြီးကို ထူးခြားစွာ သင်္ဂါယနာတင်တော်မူကြလေသည်၊

**ပဋ္ဌာန်းအရကောက်**

ထိုပဋ္ဌာန်းပါဠိတော်ကြီးကို "**တိပိဋကဓရလင်္ကာရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု၊ နန္ဒမေဓာဘိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု**" ဘွဲ့တံဆိပ်တော်နှစ်တန်ကို ခံယူရယူတော်မူသော ထန်းတပင် ဆရာတော်ဘုရားကြီးသည် မြန်မာဘာသာပြန်နိသျကိုရေးသားပြုပြင်စီရင်တော်မူခဲ့ရာ ထိုပဋ္ဌာန်းပါဠိတော်နိသျ သည်၊ ယခုအခါ "**ပဋ္ဌာန်းအရကောက်ကျမ်း**" ဟူသောအမည်ဖြင့်ထင်ရှား၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်တဝှမ်းလုံး၌ ပဋ္ဌာန်းအဘိဓမ္မာ ညဝါအဖြစ်ဖြင့် သင်ကြားပို့ချရသည့်အပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရပါဠိပဋ္ဌမပြန် စာမေးပွဲ ပဋ္ဌမကြီး ကျောင်းတန်းတို့၌ဘာသာ တရပ်အနေဖြင့် ပြဋ္ဌာန်းထားလေသည်၊

**ပဋ္ဌာန်းအတိုကောက်**

ထိုပဋ္ဌာန်း အရကောက်ကျမ်းကြီးသည် အလွန်တရာခက်ခဲ နက်နဲလှလေရကား ပဋ္ဌာန်းညဝါအတွက် အချ,အပို့ အသင်,အကြား ခက်ခဲနေကြသောသံဃာတော်အသျှင်တို့အား အတိုနည်းဖြင့် ပဋ္ဌာန်းအရကောက်အရာ လိမ်မာကျွမ်းကျင်စိမ့်သောငှာ၊ (အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးသည်နောက်၊ ထပ်မံ တင်မြှောက်အပ်သော) သံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ ဥက္ကဋ္ဌ မဟာ့လေးမြို့ "**အဂ္ဂမဟာပဏ္ဍိတ,အဘိဓဇမဟာရဋ္ဌဂုရု**" မစိုးရိမ်ဆရာတော်ဘုရားကြီး၏ နယုပဒေသကိုအခြေပြုကာ မစိုးရိမ်ညဝါအဖွဲ့မှ "ပဋ္ဌာန်းအတိုကောက်ဖြတ်လမ်းအရကောက်နည်းပြကျမ်း" ကို ကြိုးပမ်းတည့်ထွင် စီရင်တော်မူခဲ့ကြလေသည်၊

**ပဋ္ဌာန်းဂဏ္ဌိကျမ်းမပါခြင်း**

ရှေးရှေး သာသနာပြု မြန်မာ ဘုရင် ဧကရာဇ်တို့ဘုန်းမီး နေ့လ၊ တောက်ပတော်မူကြစဉ် အခါက၊ သာသနာတော်ကို အထူး အားပေးကာ၊ ကျမ်းပြုဆရာတော်များအား အထူးမြှောက်စား ချီးပင့်တော်မူချက်အရ၊ ကျမ်းပြု

အကျော်အမော် ဆရာတော်ဘုရားကြီး အသီးသီး ထင်ရှားပေါ်ထွန်းကာ၊ နောင်လာ, နောက်သား ကျမ်းပြုဆရာများ ရေးသားစရာ မယ်မျှ လောက်အောင်၊ လောကီ လောကုတ္တရာ အဖြာဖြာသော ကျမ်းဂန်တို့ကို ရေးသားပြုပြင်စီရင်တော်မူခဲ့ကြသော်လည်း၊ ပဋ္ဌာန်းအရကောက်ကျမ်း ကြီး၏ အဋ္ဌဂဏ္ဌိကျမ်းကိုမူ မည်သည့်ကျမ်းပြုဆရာတော်ကမျှ ရေး သားစီရင်တော်မူခဲ့ကြဟန်မတူသောကြောင့်၊ မန္တလေးရတနာပုံမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်း တရားကြီး လက် ထက်တော်က၊ ပိဋကတ်တော်အုပ် ရှိနိုင်မြို့စား မဟာသေနာပတိ အ တွင်းဝန်မင်းကြီး "မဟာသိရိဇေယျသူ" ဦးခန့် ရေးသားစီရင်အပ်သော "ပဋ္ဌာနတ်သုံးပုံစာတမ်း"၌ ပဋ္ဌာန်းဂဏ္ဌိကျမ်း မပါ ကြွင်းကျန်နေခဲ့ဟန် တူပေသည်။

**ဤသို့ဖြစ်ရခြင်း** ထိုသို့ဖြစ်ရခြင်းမှာ၊ ပဋ္ဌာန်းဂဏ္ဌိကျမ်းကို ကြိုးပမ်း တည်ထွင်စီရင်နိုင်စွမ်းသော ဆရာတော်ကြီးများ ထင်ရှားမရှိသောကြောင့်မဟုတ်၊ သဗ္ဗညုဘုရားရှင် ကိုယ်တော် တိုင် သာသနာတော် သက္ကရာဇ် (၂၁၈) ခုနှစ် ရောက် ရောက်လတ် သောအခါ၊ သိရိဓမ္မာသောကမင်းတရားကြီးလက်ထက် တတိယ သင်္ဂါ ယနာတင်ပွဲကြီး ဆင်နွှဲနေသည့်အခါ၌၊ အသျှင် မဟာမောဂ္ဂလိပုတ္တ တိဿမထေရ်ရှိ စီရင်တော်မူလတ္တံ့သည်ကို မြင်တော်မူ၍, ကထာဝတ္ထု ကျမ်းကို မာတိကာလောက်သာထား၍, အပြည့်အစုံ ဟောကြားတော် မမူဘဲ ချုံချုံ ထားတော်မူခဲ့သည့် ပုံထုံးကို နှလုံး ထားတော်မူကြ၍၊ "[illegible]" ဟူသောကဝိ လက္ခဏာသတ်ပုံကျမ်းလာစကားအရ၊ ရှေးရှေးကျမ်းတတ် အကျော် အ မော် ဆရာတော် ဘုရားကြီးများသည်၊ ပဋ္ဌာန်းအဘိဓမ္မာအရာ ပါရဂူ ရောက်တော်မြောက်တော်မူကြသော်လည်း၊ နောက်နှောင်းကာလ၊ သာသနာတော် တဝက်လွန်ရန် တနှစ်မျှသာလိုသောအခါ၊ နိုင်ငံတော် သမတကြီး "အဂ္ဂမဟာသီရိသုဓမ္မ" ဒေါက်တာဦးဘဦးနှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာကို ကမ္ဘာတဝှမ်းလုံးက ချစ်ကြည်လေး စားလာအောင် ဆောင်နိုင်သည့်၊ ပဋိဘာန် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော 'ဝန်ကြီးချုပ်ဦးနု' တို့လက်ထက်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး

ဆင်နွှဲနေသည့်အချိန် "ပဋ္ဌာနသာရဒီပနီ"အမည်တင့်ဆန်း "အဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်း" ပေါ်ပေါက်လာလိမ့်မည်ဟုအတည်မြော်မြင်ဆင်ခြင်တော်မမူမိသည့်အလား၊ပဋ္ဌာနသာရဒီပနီဆရာကို ငဲ့ညှာထောက်ထားလျက် ရေးသားစီရင်မှုပြုတော်မမူခဲ့ကြသောကြောင့်၊ ရှေးရှေးမြန်မာဘုရင်တို့လက်ထက်တော်က ပဋ္ဌာန်းအရကောက် ကျမ်းကြီး၏ အဖွင့်အဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်း မပေါ်ပေါက်ခဲ့ခြင်း ဖြစ်ဟန်တူလေသည်။

**တာဝန်မခံခြင်း**

ယင်းသို့ဘာသက်လျှင်တခါ လွန်စွာကြိုတောင်းကြိုခဲလှသော ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီးနှင့်ကံကောင်းထောက်မ၍ ကြုံကြိုက်ရသောအခွင့်၌ ထိုဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီးကို ဂုဏ်ပြုသောအားဖြင့်၊ဆဋ္ဌသင်္ဂါယနာတင်ရာဌာနဥက္ကာမဟာမိ သိရိမင်္ဂလာ ကုန်းမြေပေါ်၌ပင်လျှင်၊ ဤနံပါတ်(၁၀၀၀)ကျော်ယှိ"ပဋ္ဌာနသာရဒီပနီ"အမည်တင့်ဆန်းအဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်းကိုပြီးဆုံးအောင်မြင်သည့်တိုင်အောင်ကြိုးပမ်းတည့်တွင် စီရင်အပ်ပါသော်လည်း၊ထိုနံပါတ်(၁၀၀၀)ကျော်ယှိ "ပဋ္ဌာနသာရဒီပနီ" အမည်တင့်ဆန်းအဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်းမှုဖြင့်ဘုရားသျှင်သဗ္ဗညုတဉာဏ်တော်၏ကျက်စားရာ မဟာသမုဒ္ဒရာပမာနှိုင်းဆွယ် နက်ကျယ်လှ၍ အတိဂမ္ဘီရတရ ပဋ္ဌာန်းအဘိဓမ္မာ ပါဠိတော်ကြီးကို ပါရဂူရောက်ထင်မြောက်ကျွမ်းကျင်လိမ့်မည်ဟု တာဝန်မခံပါ။သင့်တော်ရုံမျှ လေ့လာကျက်စား သွားလာနိုင်ဘွယ် အနည်းငယ်အထောက်အပံ့လောက်မျှ ပေးစွမ်းနိုင်စရာယှိပါလိမ့်မည်။

**အကျဉ်းမျှသာ ဖြစ်ခြင်း**

ထိုနံပါတ်(၁၀၀၀)ကျော်ယှိ"ပဋ္ဌာနသာရဒီပနီ" အဘိဓမ္မာ ညဝါပဋ္ဌာန်းဂဏ္ဌိကျမ်း၌မှာ အကျယ်တည့်တွင် စီရင်ရေးသားအပ်သော ကျမ်းမဟုတ်သေးပါ။ အကျဉ်းမျှသာ၊ပညာပါရမီဖြည့်ရန်ရည်၍၊ဉာဏ်မှီသမျှ ရေးသားစီရင်အပ်လေသောကြောင့်၊ထိုကျမ်းဖြင့်ပဋ္ဌာန်းအဘိဓမ္မာပါဠိတော်လာဂဏ္ဌိပဗ္ဗဟူသမျှကိုပြည့်စွာရေးသားပါယှိသည်ဟုမဆိုသာပါ။

**တာဝန်ခံချက် မပြည့်စုံခြင်း**

ထို ပဋ္ဌာနသာရဝိဘာဝနီ အဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိ(တတိယတွဲ)ကျမ်းကို ရေးသားပုံနှိပ်ချိန်၌၊ ပုံနှိပ်စက္ကူဈေးမှာ (၄-၅)ဆခန့် အဆမတန်ကြီးမားနေသည့်အပြင်၊ နံပါတ်(၃၀၀)ကျော်လောက်သာ ခန့်မှန်းပါလျက်၊ ယခု နံပါတ်(၅၀၀)နီးပါးခန့်ဖြစ်သွားသောကြောင့်၊ တတိယတွဲ၌အကျယ်ရေးသားပါမည်ဟု တာဝန်ခံခဲ့သောအဆုံးအဖြတ် စသည်များကို ထည့်သွင်းရေးသားခွင့်မရပဲ၊ လိုရင်းမျှကိုသာချုံးနိုင်သမျှ အကျဉ်းချုံး၍ သင့်တော်ရုံရေးသားကာ ကျမ်းကိုအပြီးသတ်လိုက်ရပါတော့သည်။

**ပဋ္ဌာနသာရ အနုဝိဘာဝနီ**

ထိုကြွင်းကျန်နေသောပဋ္ဌာန်းဝိနိစ္ဆယ စသည်များကို၊ နောင်အကြောင်းညီညွတ်၍ စီရင်ရေးသားခွင့်ရပါမူ "ပဋ္ဌာနသာရအနုဝိဘာဝနီ"အမည်ဖြင့် စီရင်ရေးသားလျက်၊ စာချ၊ စာသင် စာပြန်ပွဲဝင်သံဃာတော်အသျှင်တို့၏ ပညာပါရမီကိုကူညီဖြည့်ပါဦးမည်။

**အထူးတောင်းပန်ချက်**

ယင်းသို့ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ၊ စာချ၊ စာသင် စာပြန်ပွဲဝင် သံဃာတော်အသျှင်တို့၏ ပညာပါရမီကို ကူညီ ဖြည့်သောအားဖြင့်၊ ထို "ပဋ္ဌာနသာရဝိဘာဝနီ အဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်း" ကို ပြီးဆုံးအောင်မြင်သည့်အထိ စီရင်ရေးသားနိုင်ခဲ့ပါသော်လည်း၊ ထိုအချိန်က ဆဋ္ဌသင်္ဂါယနာဌာနမှ ယုံကြည်စွာ တာဝန်ပေးအပ်သော "ပဋ္ဌာန်း အဘိဓမ္မာပါဠိတော်"ကြီးကို၊ နောက်ဆုံးသုတ်သင် ပြင်ဆင်တည်းဖြတ်ခြင်း "သြသာနသောဓေယျ"အမှုပြုရခြင်း 'ပဋ္ဌာနသာရဝိဘာဝနီကျမ်း' စက်တင်ပုံနှိပ်၍ မပြီးသေးမီပင် "ဆဋ္ဌသင်္ဂါယနာစတုတ္ထသန္နိပါတ"သို့ တက်ရောက်၍ "မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မြန်မာဘာသာပြန်ကျမ်းကြီး"ကို၊ ထပ်မံသုတ်သင် ပြင်ဆင်တည်းဖြတ်ရာ "ပဋိဝိသောဓန" အမှုပြုနေရခြင်း အစရှိသော သာသနကိစ္စကာရကြောင့် ထို"ပဋ္ဌာနသာရဝိဘာဝနီကျမ်း" ကို စက်တင်ပုံနှိပ်ရာ၌ စိတ်ကြေနပ်လောက်အောင် ရေးသားပြုပြင်စီရင်တည်းဖြတ်ခွင့်မရသဖြင့်၊ အပရိသုဒ္ဓ ပမာဒလေခပေါင်း မြောက်မြားစွာ ပါရှိလိမ့်မည်မှာ ယုံမှားဖွယ်မရှိပါ၊ထိုအပရိသုဒ္ဓ ပမာဒလေခပေါင်း မြောက်မြားစွာတို့ကို ပဋ္ဌာနသာရ

ပိဋကတ်ပါဠိဆရာအား ငဲ့ညှာထောက်ထား အစဉ်သနားသဖြင့်၊ ထင်ရှား သောဆရာတော်တို့ထံ၊ နည်းနာခံ၍ အမှန်ဖြစ်အောင် ပြင်ဆင်မှတ်ယူ တော်မူကြပါမည့်အကြောင်း တောင်းပန်လျှောက်ထားခြင်းဖြင့်'' ဆဌ သင်္ဂါယနာမဟာနိဒါန်း''ကို၊ တခဏ်းရပ်လိုက် ရပါတော့သတည်း၊

ဒဿေယျံ ခလိတံ ဓေဇ္ဇူ၊
သောဓေတွာ တံ ယထာ ဘာဝံ။
ဂဏှေယျုံ အပ္ပမာဒေန၊
ကေ နှ ပဏ္ဍိတာ သုဘာ နှိ။

ဇမ္ဗူဒီပကျောင်းဆောင်။
အလယ်ထပ်၊ အခန်းအမှတ်(၁၁)
သီရိမင်္ဂလာကုန်းမြေ၊ကမ္ဘာအေး။

သိရိပိဿဒဥာဏမဟာထေရော။
ဆတ္တိံသ ဝဿိကော၊
(၁၃၁၇-ခု၊နတ်တော်လ)

---

# ပဋ္ဌာနသာရဝိဘာဝနီ တတိယတွဲ။


| ဦးရေ၊ | မာတိကာ အကျဉ်း၊ | နံပါတ်၊ |
|---|---|---|
| (၁) | ပစ္စုပ္ပန္နဝါရတိကပဋ္ဌာန်းပုန္နာဝါရဆိုရိုးအဓိပ္ပါယ်၊ | ၁ |
| (၂) | ပစ္စုပ္ပန္နဝါရတိကပဋ္ဌာန်းဝိဘင်္ဂဝါရဆိုရိုးအဓိပ္ပါယ်၊ | ၁၁ |
| (၃) | သဟဇာတဝါရဆိုရိုးအဓိပ္ပါယ်၊ | ၂၅၅ |
| (၄) | ပစ္စယဝါရဆိုရိုးအဓိပ္ပါယ် | ၂၅၇ |
| (၅) | နိဿယဝါရဆိုရိုး၊ | ၂၆၀ |
| (၆) | သံသဋ္ဌဝါရဆိုရိုး၊ | ၂၆၀ |
| (၇) | ပဉှာဝါရဆော်ရိုးအဓိပ္ပါယ်၊ | ၂၇၂ |


( တောင်းပန်ချက်၊ ၊ပဋ္ဌာနသာရဝိဘာဝနီတတိယတွဲမှာ၊ နံပါတ် (၃၀၀) ကျော်ခန့်မှန်းပါလျက်၊ ယခုနံပါတ်(၅၁၀)နီးပါးခန့် ယှိသွားသောကြောင့်၊ မာတိကာ အကျယ်ကိုထည့်သွင်းခွင့်မရပဲ၊ အကျဉ်းမျှသာ ထည့်သွင်းလိုက်ရခြင်းဖြစ်ရာ၊ အကျယ် ကို စာချ,စာသင်,စာပြန်ပွဲးဝင်အသျှင်တို့၊ ကိုယ်တော်တိုင် လေ့လာကြည့်ရှု၊ သိမှတ် မှုကိုပြုတော်မူကြရန်၊အထူးတောင်းပန်အပ်ပါကြောင်း။ )



# ပဋ္ဌာနသာရဒီပနီ

ပဋ္ဌာန်းဂဏ္ဌိအကျဉ်းချုပ်ကြီး

တတိယအကြိမ်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပစ္စယနိဒ္ဒေသပါဠိ ပဋ္ဌာန်းပုစ္ဆာဝါရအဆိုး။

(၁) နိဒ္ဒေသကိုဟောတော်မူသည့်၏အခြားမဲ့၌၊ပုစ္ဆာဝါရကိုဟော တော်မူ၏။ထိုပုစ္ဆာဝါရ၌တိုသော်လည်း၊ဓမ္မအနုလုံ,ဓမ္မပစ္စနိက်,ဓမ္မအနု လောမပစ္စနိက်,ဓမ္မပစ္စနီယာနုလောမအားဖြင့်လေးပါးအပြားရှိ၏။ ထို တွင် ဓမ္မအနုလုံကိုရှေးဦးစွာဟောတော်မူ၏။

## ပုစ္ဆာဝါရမည်ခြင်းအကြောင်း။

(မေး) အဘယ့်ကြောင့် ပုစ္ဆာဝါရဟုခေါ်ပါသနည်း၊

(ဖြေ) ကုသိုလ်စသောတရားတို့ကိုစွဲ၍၊ဟေတုပစ္စည်းစသည်တို့၏ အစွမ်းအားဖြင့်၊ ကုသိုလ်စသောတရားတို့၏ ဖြစ်ပုံကိုမေးအပ်သောဝါရ ဖြစ်သောကြောင့် ပုစ္ဆာဝါရဟုခေါ်ပါသည်၊

ကုသလာဒယော ပဋိစ္စ ဟေတုပစ္စယာဒိဝသေန ကုသလာဒီနံ ဥပ္ပတ္တိယာ
ပုစ္ဆိတတ္တာ ပုစ္ဆာဝါရော၊
ပဋ္ဌာန်းအဋ္ဌကထာ (၃၃-၈-၄)

ကုသလာဒယော၊ကုသိုလ်စသောတရားတို့ကို၊ပဋိစ္စ၊စွဲ၍၊ ဟေတုပစ္စ

ထိုဝေဒနာတ္တိကအနုလုံ၌ဘုံသော်လည်း၊ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိက ပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက်ပါးအပြားယှိ၏၊ ထိုခြောက်ပါးတို့တွင်၊ တိကပဋ္ဌာန်းကိုရှေးဦး စွာဟောတော်မူ၏၊

ထိုတိကပဋ္ဌာန်း၌တုံသော်လည်း၊ ကုသလတိက်၊ ဝေဒနာတိက်အစ ယှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါး အပြားယှိ၏။ ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် ကုသလတိက်ကိုရှေးဦးစွာဟောတော်မူ၏။

---

ယာဒိသေနာ၊ဟေတုပစ္စည်းစသည်တို့၏ အစွမ်းအားဖြင့်။ ကုသလာဒီနံ၊ ကုသိုလ်စသောတရားတို့၏၊ ဥပ္ပတ္တိယာ၊ ဖြစ်ပုံကို။ ပုစ္ဆိတတ္တာ၊ မေးအပ် သည်၏ အဖြစ်ကြောင့်။ ပုစ္ဆာဝါရော၊ ပုစ္ဆာဝါရမည်၏၊

---

## ပဏ္ဏတ္တိဝါရမည်ခြင်းအကြောင်း။

(မေး) အဘယ်ဝါရကိုပဏ္ဏတ္တိဝါရဟုခေါ်ပါသနည်း။

(ဖြေ) ပုစ္ဆာဝါရကိုပင်လျှင် ပဏ္ဏတ္တိဝါရဟုခေါ်ပါသည်၊

ပဏ္ဏတ္တိဝါရောတိပိ တဿေဝ နာမံ၊

ပဋ္ဌာန်းအဋ္ဌကထာ (၃၃၈-၄)

ပဏ္ဏတ္တိဝါရောတိပိ၊ ပဏ္ဏတ္တိဝါရဟူသော အမည်သည်လည်း။ တဿေဝ၊ ထိုပုစ္ဆာဝါရ၏ သာလျှင်။ နာမံ၊ အမည်တည်း၊

(မေး) အဘယ့်ကြောင့် ပဏ္ဏတ္တိဝါရဟုခေါ်ပါသနည်း။

(ဖြေ) ကုသိုလ်စသောတရားတို့ကိုစွဲ၍ ဟေတုပစ္စည်း စသည်တို့ ၏ အစွမ်းအားဖြင့်၊ ကုသိုလ်စသောတရားတို့၏ ဖြစ်ပုံကိုပညတ်အပ်သော ကြောင့် ပဏ္ဏတ္တိဝါရဟုခေါ်ပါသည်။

ကုသလာဒယော ပဋိစ္စ ဟေတုပစ္စယာဒိဝသေန ကုသလာဒီနံ ဥပ္ပတ္တိယာ ပညပိယတ္တာ ပဏ္ဏတ္တိဝါရောတိပိ ဝုစ္စတိ၊

ပဋ္ဌာန်းအဋ္ဌကထာ (၃၃၈-၆)

ကုသလာဒယော၊ ကုသိုလ်စသောတရားတို့ကို။ ပဋိစ္စ၊ စွဲ၍။ ဟေတု ပစ္စယာဒိဝသေန၊ ဟေတုပစ္စည်းစသည်တို့၏ အစွမ်းအားဖြင့်။ ကုသလာ ဒီနံ၊ ကုသိုလ်စသောတရားတို့ကို၊ ပညပိယတ္တာ၊ ပညတ်အပ်သည်၏အဖြစ်

(၂) ထိုကုသလတိက်၌တုံသော်လည်း၊ ပဋိစ္စဝါရ,သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ,သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ,ပဉှာဝါရအားဖြင့် ခုနှစ်ပါးအပြားယှိ၏၊ ထိုခုနှစ်ပါးတို့တွင် ပဋိစ္စဝါရကိုရှေးဦးစွာဟောတော်မူ၏။

ထိုပဋိစ္စဝါရ၌တုံသော်လည်း၊ ပစ္စည်းအနုလုံ,ပစ္စည်းပစ္စနိက်,ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်းပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားယှိ၏။ထိုလေးပါးတို့တွင် ပစ္စည်းအနုလုံကိုရှေးဦးစွာဟောတော်မူ၏၊

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း၊သုဒ္ဓ,ဧကမူလာဒိအားဖြင့် နှစ်ပါးအပြားယှိ၏၊ထိုတွင် သုဒ္ဓကိုရှေးဦးစွာဟောတော်မူ၏၊ထိုသုဒ္ဓ၌တုံသော်လည်း၊ဟေတုပစ္စည်း၏သုဒ္ဓ,အာရမ္မဏပစ္စည်း၏သုဒ္ဓ အစယှိသောအားဖြင့်(၂၄)ပါးအပြားယှိ၏၊ ထို(၂၄)ပါးတို့တွင် ဟေတုပစ္စည်း၏သုဒ္ဓကိုရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ သုဒ္ဓ၌တုံသော်သည်း၊ ကုသလပဒ,အကုသလပဒ,အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ,ကုသလာကုသလာဗျာကတပဒအားဖြင့်ခုနှစ်ပါးအပြားယှိ၏၊

---

ကြောင့်။ပဏ္ဏတ္တိဝါရေတိပိ၊ ပဏ္ဏတ္တိဝါရဟူ၍လည်း၊ဝုတ္တော၊ မိန့်ဆိုတော်မူအပ်၏၊

(မြွေအနုလုံစသည်တို့၏ အဓိပ္ပါယ်၊ပဋ္ဌာန်းခြောက်ကုဋေ၏ အဓိပ္ပါယ်၊ ပစ္စည်းအနုလုံစသည်တို့၏ အဓိပ္ပါယ်တို့ကို ''ပဋ္ဌာနသာရဝိဘာဝနီပဌမတွဲ''၌ရှုစားတော်မူကြပါကုန်)

## သုဒ္ဓဧကမူလာဒိအဓိပ္ပါယ်။

(မေး) အဘယ်ဝါရကို သုဒ္ဓဟုခေါ်ပါသနည်း၊

(ဖြေ) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်းတို့တွင်၊ ဟေတုပစ္စည်းစသည်တို့ကို၊အခြားပစ္စည်းတို့နှင့်မရောပဲ၊ တပစ္စည်းစီသက်သက်ဟောကြားအပ်သောဝါရကို သုဒ္ဓဟုခေါ်ပါသည်၊

(မေး) အဘယ်ဝါရကို ဧကမူလာဒိဟုခေါ်ပါသနည်း၊

(ဖြေ) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်းတို့တွင် ဟေတုစသောပစ္စည်းကို

(၃) ထိုရုံးစ်ပါ့တို့တွင် ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏၊ ထိုကုသလပဒ၌တုံသော်လည်း၊ ကုသလပဒါဝသာန, အကုသလပဒါဝသာနအစရှိသောအားဖြင့် ရုံးစ်ပါးအပြားရှိ၏၊ ထိုတွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏၊ ။ဟောဟန်ကား။

သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ ဟူသည့်တည်း၊

ယောသာဒိသော၊အကြောင်းရှိသဘောရှိသော၊ကုသလော၊ ကုသိုလ်ဖြစ်သော၊ဓမ္မော၊တရားသည်။ ကုသလံ၊ကုသိုလ်ဖြစ်သော၊ ဓမ္မံ၊တရားကို၊ ပဋိစ္စ ပဋိဂ္ဂဟိတ္ဝာ၊ တကွဖြစ်ခြင်းဟုဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍၊သိယာ၊ဖြစ်ရာ၏၊

---

မှုပြု၍ အခြားအားမြှားစသောပစ္စည်းတို့ကို မှုလိသွပ်ကာ ဟောကြားအပ်သောဝါရကို ဧကမူလာဒိဟုခေါ်ပါသည်။

ဥဒါဟရဏ်ကား၊

သုဒ္ဓ၌ သိသာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ၊

ဧကမူလာဒိ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ အာရမ္မဏပစ္စယာ-အစရှိသည်တည်း၊

---

## ပဒ(၇)ပါး ဖြစ်သင့်မဖြစ်သင့်ဝိနိစ္ဆယ။

(မေး) ပဋိစ္စဝါရကိုသဟဇာတပစ္စည်း၏ အစွမ်းအားဖြင့်ဟောကြားရလေရာ၊ ကုသိုလ်တရားကိုစွဲ၍ အကုသိုလ်တရားဖြစ်ခြင်း မရှိသောကြောင့်...... ကုသလပဒ(လ)ကုသလာကုသလ ဗျာကတပဒအားဖြင့်(၇)ပါးအပြားရှိ၏...... ဟုအခုကောက်ဆရာတော် မိန့်ဆိုတော်မူခြင်းသည် သင့်နိုင်ပါမည်လော၊

(ဖြေ) ဤပုစ္ဆာဝါရ၌ အဖြေနိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ၊ မေးစရာရှိသမျှကို အကုန်မေးအပ်လေသောကြောင့် ကုသလပဒ (လ) အားဖြင့်(၇)ပါးအပြားရှိ၏ .....ဟု အခုကောက်ဆရာတော် မိန့်ဆိုတော်မူခြင်းသည် အသင့်ပင်ဖြစ်ပါသည်၊

သောတာဒိသော၊ထိုသို့သဘောယှိသော၊ ကုသလော၊ ကုသိုလ်ဖြစ်သော။ဓမ္မော၊တရားသည်၊ဟေတုပစ္စယာ ဟေတုပစ္စည်းကြောင့်၊ဥပ္ပဇ္ဇေယျကိ ၊ဖြစ်ရာသလော။

(ကြွင်းအကုသလပဒါင သာန-စသည်တို့ကိုနည်းမှီ၍ဆိုလေ)

---

ဧမသ္မိံပနပုစ္ဆာဝါရေယမ္ပိဝိဿဇ္ဇနမာနံအတ္ထတောလဗ္ဘတိ၊ယမ္ပိနလဗ္ဘတိ တံသဗ္ဗံပုစ္ဆာဝသေနဥဒ္ဓဋံ၊

ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၂၁)

ပန၊ဆက်ပါဦးအံ့၊ဧတမ္မိ ပုစ္ဆာဝါရေ၊ဤပုစ္ဆာဝါရ၌၊ ယမ္ပိ၊ အကြင်ပုဒ်ကိုလည်း။ဝိဿဇ္ဇနမာနံ၊ဖြေဆိုအပ်သည်ယှိသော်။ အတ္ထတော၊ အနက်အားဖြင့်။လဗ္ဘတိ၊ရအပ်၏။ယမ္ပိ၊အကြင်ပုဒ်ကိုလည်း၊ ဝိဿဇ္ဇနမာနံ၊ဖြေဆိုအပ်သည်ယှိသော်၊အတ္ထတော၊ အနက်အားဖြင့်၊ နလဗ္ဘတိ၊ မရအပ်၊တံသဗ္ဗံ၊ထိုအလုံးစုံကို၊ပုစ္ဆာဝသေန၊ပုစ္ဆာ၏အစွမ်းအားဖြင့်၊ဥဒ္ဓဋံ၊ ထုတ်ဆောင်တော်မူအပ်၏၊

ထင်းသို့သော်,မရသင့်မခွဲးခြားပဲ၊ ပုစ္ဆာဝါရ၌ ပုစ္ဆာ၏အစွမ်းအားဖြင့် ထုတ်ဆောင်ဟောကြားအပ်သော်လည်း၊ ဝိဿဇ္ဇနာဝါရ၌မူ၊ မရအပ်သောပုဒ်ကိုပယ်၍ ရအပ်သောပုဒ်ကိုသာ ဖြေဆိုဟောကြားတော်မူရလေသည်။

ပရတောပနဝိဿဇ္ဇနေယံနလဗ္ဘတိ၊တံပဟာယယံလဗ္ဘတိတဒေဝဝိဿဇ္ဇိတံ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၂၃)

ပရတောပန၊နောက်၌ကား။ဝိဿဇ္ဇနေ၊ဝိဿဇ္ဇနာဝါရ၌၊ ယံ၊အကြင်ပုဒ်ကို။နလဗ္ဘတိ၊မရအပ်။တံ၊ထိုပုဒ်ကို။ပဟာယ၊ပယ်စွန့်၍၊ ယံ၊အကြင်ပုဒ်ကို၊လဗ္ဘတိ၊ရအပ်၏၊ တဒေဝ၊ထိုပုဒ်ကိုသာလျှင်၊ ဝိဿဇ္ဇိတံ၊ဖြေဆိုအပ်၏ ၊

---

ပဋိစ္စပုဒ်ကိုအနက်ယောဇနာရာဍ်မှတ်သားဘွယ်။

(မေး) ပဋိစ္စ-ခွဲး၍ ......ဟု သာဓန်အနက်ယောဇနာသင့်ပါလျက်၊ အဘယ်ကြောင့် တကွအဖြစ်(လ)ရောက်၍......ဟု အနက် ယောဇနာရပါသနည်း၊

(ဖြေ) သဟုပ္ပတ္တိ သင်္ခါတေန သဒိသဘာဝေနပတ္တော...... ဟူသော ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၁၄)အဖွင့်ကိုထောက်၍ တကွဖြစ်ခြင်းဟုဆို

(၄) သုဒ္ဓကိုဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိကိုဟောတော်မူ၏။ ထိုဒုကာဒိ၌ တိုံသော်လည်း၊ ဟေတုပစ္စည်း၏ ဒုကာဒိ, အာရမ္မဏပစ္စည်း၏ ဒုကာဒိ-အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထိုတွင်၊ ဟေတုပစ္စည်း၏ ဒုကာဒိကိုရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ ဒုကာဒိ၌ တိုံသော်လည်း၊ ဒုက,တိက(လ)တေဝီသကအားဖြင့် နှစ်ဆဲ့သုံးပါးအပြားရှိ၏၊ ထိုတွင် ဒုကကိုရှေးဦးစွာဟောတော်မူ၏။

---

အပ်သော တူသောအဖြစ်ဖြင့်ရောက်၍......ဟု အရကောက်ဆရာတော်အနက်ယောဇနာခြင်းဖြစ်ပါသည်၊

---

**ပဒိုဒ္ဓပုဒ်၌မှတ်သားဘွယ်။**

ပဒိုဒ္ဓ......ဟူသောပုဒ်ကို ပဒိ-ဍူဓ......ဟုပဒဇ္ဆေဒပြု၊ ဤ၌ပဒိသဒ္ဒါသည် သဒိသအနက်၌ဖြစ်ပေသည်။

(မေး) အဘယ်ဥဒါဟရဏ်ပုံစံသက်သေတို့ကိုထောက်ထား၍ ပဒိသဒ္ဒါသည် သဒိသအနက်၌ဖြစ်ကြောင်းသိမှတ်ရပါမည်နည်း၊

(ဖြေ) ပဒိပုဂ္ဂလ, ပဒိဘာဂ-အစရှိသော ဥဒါဟရဏ်ပုံစံသက်သေတို့ကိုထောက်ထား၍ ပဒိသဒ္ဒါသည် သဒိသအနက်၌ဖြစ်ကြောင်းသိမှတ်ရပါသည်။

ဤ၌ တူသောပုဂ္ဂိုလ်ကို ပဒိပုဂ္ဂလဟူ၍၎င်း၊ တူသောအဘို့ကို ပဒိဘာဂဟူ၍၎င်း ခေါ်ဆိုရလေသည်။

> တတ္ထပဒိတိသဒိသတ္တေဝတ္တတိ၊ သဒိသပုဂ္ဂလောဟိပဒိပုဂ္ဂလော၊ သဒိသဘာဂေါစပဒိဘာဂေါတိဝုစ္စတိ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၁၂)

တတ္ထ၊ ထိုပဒိဒ္ဓဟူသောပုဒ်၌ ပဒိတိဣတိ သောသဒ္ဒါ၊ ပဒိဟူသောသဒ္ဒါသည်၊ သဒိသတ္တေ၊ တူမျှခြင်းဟူသောအနက်၌၊ ဝတ္တတိ၊ ဖြစ်၏။ ဟိတပ္ပါကြောင်းကား၊ ထိုမူလဝါကျ၊ ထိန်ဆုံကို၊ သိရအောင်သာ၊ ဥပမာဆောင်၊ ထင်အောင်ပြဦးအံ့။ သဒိသပုဂ္ဂလော၊ တူသောပုဂ္ဂိုလ်ကို၊ ပဒိပုဂ္ဂလောတိစ၊

(၅) ထိုဒုကၡတို့သော်လည်း၊ အာရမ္မဏဒုက အစသို့သောအားဖြင့် နှစ်ဆဲ့သုံးပါးအပြားယှိ၏၊ ထိုတွင် အာရမ္မဏဒုကကို ရှေးဦးစွာဟော တော်မူ၏၊

ထိုအာရမ္မဏဒုကၡတို့သော်လည်း၊ ကုသလပဒ,အကုသလပဒ-အစ ယှိသောအားဖြင့်(၇)ပါးအပြားယှိ၏။ ထိုတွင် ကုသလပဒကိုရှေးဦးစွာ ဟောတော်မူ၏၊

---

ပဋိပုဂ္ဂလဟူ၍ ၎င်း။ သဒိသဘာဂေါ၊ တူသောအဘို့ကို၊ ပတိဘာဂေါ တင်စ၊ပဋိဘာဂဟူ၍၎င်း။ဝုစ္စတိ-မိန့်ဆိုအပ်၏၊

ရုစ္စ … ဟူသောပုဒ်၌ ရု ခါတ်၊ တွာ–ပစ္စည်းတည်း၊ အဆိုပါ တွာ ပစ္စည်းကို၊စနက္ခေ့ဟိချစ္စ…..ဟူသောကစ္စည်းသုတ်၌၊ရစ္စ….ဟူသောယော ဂဝိဘာဂဖြင့် ရစ္စပြု၊ချအနုဗန်ကိုချေ၍ ရုစ္စ–ပုဒ်ပြီးသည်၊

အဆိုပါ ရုစ္စ …. ဟူသောပုဒ်သည် ဂမနသမတ္ထအနက်ကိုဟောသည်၊

ရုစ္စာတိဂမနသမတ္ထဝစနမေတံ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၃၀-၁၃)

ရုစ္စာတိဣတံရုစ္စဟူသော၍ပုဒ်သည်၊ ဂမနသမတ္ထဝစနံ၊ဂမနသမတ္ထ အနက်ကိုဟော၏၊

ဤ၌ ဂမနသမတ္ထဟူသည်၊ဂမနကြီးယာ၏တူသောကတ္တားယှိသော အပရကာလကြိယာကို ငဲ့ခြင်းကိုဟောခြင်းပင်ဖြစ်ပေသည်၊

ဂမနသမတ္ထဝစနန္တိ ဂမနသာသမာနကတ္တုကပဗ္ဗိမကာလ ကြိယာပေက္ခဝစနန္တိ အတ္ထော။

ပဋ္ဌာန်းမူလဋီကာ(၁၅၁-၁၃)

ဂမနသမတ္ထဝစနန္တိ၊ ဂမနသမတ္ထဝစနံဟူသည်ကား၊ဂမနသာ၊ ဂမန ကြိယာ၏၊သမာနကတ္တုကပဗ္ဗိမကာလကြိယာပေက္ခဝစနံ၊ တူသော ကတ္တားယှိသောအပရကာလကြိယာကိုငဲ့ခြင်းကိုဟော၏၊ ဣတိအယံ၊ ဤသည်ကား၊ အတ္ထော၊ဂဏ္ဌိတ်ကိုဖေါ်ပြသောအနက်တည်း။

ဤ၌ ပုဗ္ဗကာလေက ကတ္တုကာနံတုနတွာနတွာဝါ ဟူသောကစ္စည်း သုတ်ဖြင့်သက်အပ်သော တွာပစ္စည်းသည် ပုဗ္ဗကာလ၌ ဖြစ်လေသည်၊ ထိုတွာပစ္စည်းသည် အပရကာလကိုငဲ့၍ဖြစ်၏၊

ထိုကုသလပဒ၌တုံသော်လည်း၊ကုသလပဒါဝသာန, အကုသလပဒါဝသာန-အစယှိသောအားဖြင့်(၇)ပါးအပြားယှဉ်၏။ ထိုတွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏။ ။ဟောဟန်ကား၊

သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ အာရမ္မဏပစ္စယာဟူသည်တည်း။

(အကြွင်းနည်းမှီ၍ဆိုလေ)

---

ဟေတုပစ္စည်းသက်ရောက်ရာဂဏန်းကြိယာသည်အပရကာလ၌ဖြစ်သောဥပ္ပဇ္ဇနံ ကြိယာကိုငဲ့၍၊ယင်းသို့ငဲ့၍ဖြစ်သည်ကို ဂဏန်းသုညဟုဆိုလိုပါသည်၊

ဤအရာဝယ် ပဋိစ္စ-ပုဗ္ဗကာလကြိယာနှင့်ဥပ္ပဇ္ဇေယျ...... ဟူသောအပရကာလကြိယာတို့၏ ကတ္တားသည်ကား၊ ကုသလောဓမ္မော..... ပင်ဖြစ်လေရကား၊ထိုကြိယာနှစ်ပုဒ်တို့သည် ဧကကတ္တုကဖြစ်ကြလေသည်၊

---

**သိယာကုသလံဓမ္မံ ပဋိစ္စကိုအဋ္ဌကထာနည်းအရ**
**အနက်ယောဇနာပုံ၊**

(မေး) သိယာကုသလံဓမ္မံပဋိစ္စ (လ) ဟေတုပစ္စယာပုဒ်ကို အဋ္ဌကထာနည်းအရဖြစ်သင့်သလိုအနက်ယောဇနာခဲ့ပါ။

(ဖြေ) ကုသလော၊ ကုသိုလ်ဖြစ်သော။ယောဓမ္မော၊ အကြင်တရားသည်၊ဟေတုပစ္စယာ၊ဟေတုပစ္စည်းကြောင့်။ဥပ္ပဇ္ဇေယျ၊ဖြစ်ရာ၏၊သောဓမ္မော၊ထိုတရားသည်၊ကုသလံ၊ကုသိုလ်ဖြစ်သော။ဓမ္မံ၊တရားကို။ ပဋိစ္စ၊ တကွဖြစ်ခြင်း ဟုဆိုအပ်သောတူသောအဖြစ်ဖြင့်ရောက်၍၊ သိယာကိံ၊ ဖြစ်ရာသလော၊

(တနည်း)

ကုသလံ၊ကုသိုလ်ဖြစ်သော။ဓမ္မံ၊တရားကို။ပဋိစ္စ၊တကွ(လ)ရောက်၍၊ ကုသလော၊ကုသိုလ်ဖြစ်သော၊ယောဓမ္မော၊အကြင်တရားသည်၊ ဥပ္ပဇ္ဇေယျ၊ဖြစ်ရာ၏၊သောဓမ္မော၊ထိုတရားသည်၊သိယာကိံ၊ဖြစ်ရာသလော။

(မှတ်ချက်။ ။အရကောက်၌အနက်ယောဇနာပုံသည်၊ အဋ္ဌကထာအနက်ယောဇနာပုံနှင့် ကြိယာထားပုံအနည်းငယ်ကွာခြားနေသည်ကိုသတိချပ်ရာသည်)

(တနည်းတက်ပုံကား)

နိဒ္ဒေသဝဂ်ရကိုဟောတော်မူသည်၏ အခြားမဲ့၌ ပုစ္ဆာဝဂ်ရကိုဟောတော်မူ၏. (လ)ပစ္စည်းအနုလုံကိုရှေးဦးစွာဟောတော်မူ၏၊

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း၊ ဧကမူလက,ဒုမူလက, တိမူလက စတုမူလက(လ)သဗ္ဗမူလကအားဖြင့် နှစ်ဆဲ့လေးပါးအပြားယှိ၏၊ ထိုတွင် ဧကမူလကကိုရှေးဦးစွာဟောတော်မူ၏။

ထိုဧကမူလက၌တုံသော်လည်း၊ ဟေတုပစ္စည်း၏ ဧကမူလက-အစယှိသောအားဖြင့်နှစ်ဆဲ့လေးပါးအပြားယှိ၏၊ ထိုတွင် ဟေတုပစ္စည်း၏ ဧကမူလကကိုရှေးဦးစွာဟောတော်မူ၏၊

ထိုဟေတုပစ္စည်း၏ ဧကမူလက၌တုံသော်လည်း၊ ကုသလပဒ-အစယှိသောအားဖြင့်(၇)ပါးအပြားယှိ၏။ ထိုတွင် ကုသလပဒကိုရှေးဦးစွာဟောတော်မူ၏၊

ထိုကုသလပဒ၌တုံသော်သည်း၊ကုသလပဒါဝသာနအစယှိသောအားဖြင့်(၇)ပါးအပြားယှိ၏၊ ထိုတွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏။ ၊ဟောဟန်ကား၊

သိယာကုသလံဓမ္မံပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ ဟူသည့်တည့်။

---

ပရိကပ္ပပုစ္ဆာဟုခေါ်ဆိုရခြင်းအကြောင်း။

(မေး) သိယာ (လ) ဥပ္ပဇ္ဇေယျဟေတုပစ္စယာ......ဟူသော ပုစ္ဆာကို ပရိကပ္ပပုစ္ဆာဟုအဋ္ဌကထာဆရာသျှင်မိန့်ဆိုတော်မူရာ၊ အဘယ်သို့သော ပုစ္ဆာကို ပရိကပ္ပပုစ္ဆာဟုခေါ်ဆိုရပါသနည်း။

(ဖြေ) အနုမတိ ပရိကပ္ပဒွေသုသဏ္ဍိ......ဟူသော ကစ္စည်းသုတ်နှင့်အညီ၊ကြံဆခြင်း ပရိကပ္ပအနက်၌ဖြစ်သော ယေျသဏ္ဍိဝိဘတ်၏အစွမ်းအားဖြင့်မေးအပ်သောပုစ္ဆာကို ပရိကပ္ပပုစ္ဆာဟုခေါ်ဆိုရပါသည်။

ထိုပရိကပ္ပပုစ္ဆာကိုပင် ဝိမိပုစ္ဆာဟူ၍လည်းခေါ်ဆိုရလေသည်၊

ပရိကပ္ပပုစ္ဆာတိဝိမိပုစ္ဆာ။

ပဋ္ဌာန် မူလဋီကာ (၁၅၀-၁၆)

**ပဋိစ္စဝါရတိကပဋ္ဌာန်းဝိဿဇ္ဇနာဝါရဆိုရိုး၊**

ပုစ္ဆာဝါရကို ဟောတော်မူသည့်၏အခြားမဲ့၌ ဝိဿဇ္ဇနာဝါရကို ဟောတော်မူ၏။ ထိုဝိဿဇ္ဇနာဝါရတုံသော်လည်း။ ဓမ္မာနုလုံ,ဓမ္မပစ္စနိက်,ဓမ္မာနုလောမပစ္စနိက်, ဓမ္မပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားယှိ၏၊ထိုတွင် ဓမ္မာနုလုံကိုရှေးဦးစွာဟောတော်မူ၏၊

ထိုဓမ္မာနုလုံ၌တုံသော်လည်း၊ တိကပဋ္ဌာန်း,ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း,တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက်ပါးအပြားယှိ၏။ ထိုတွင် တိကပဋ္ဌာန်းကိုရှေးဦးစွာ ဟောတော်မူ၏၊

ထိုတိကပဋ္ဌာန်း၌တုံသော်လည်း၊ ကုသလတိက်, ဝေဒနာတိက်အစယှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားယှိ၏၊ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် ကုသလတိက်ကိုရှေးဦးစွာဟောတော်မူ၏၊

---

(မေး) အဘယ်သို့ကြိဆအပ်ပါသနည်း၊
(ဖြေ) ဖြစ်ရာသလော,မဖြစ်ရာသလောဟုကြိဆအပ်ပါသည်။

**ကိံ သိယာအထေနသိယာတိသမ္ပုစ္ဆနံဝါပရိကပ္ပပုစ္ဆာတိဝဒတိ၊**
**ပဋ္ဌာန်းမူလဋီကာ(၁၅၀-၁၇)**

သိယာကိံ၊ဖြစ်ရာသလော၊အထ၊ထိုသို့မဟုတ်၊နသိယာကိံ၊ မဖြစ်ရာသလော။ဣတိ၊ဤသို့၊သမ္ပုစ္ဆနံဝါ၊မေးခြင်းကိုလည်း၊ ပရိကပ္ပပုစ္ဆာတိ၊ ပရိကပ္ပပုစ္ဆာဟူ၍၊ဝဒတိ၊မိန့်ဆို၏၊

---

**ပစ္စည်းအနုလုံစသည်တို့၏ အဓိပ္ပါယ်။**

(မေး) ပစ္စည်းအနုလုံ, ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်းပစ္စနီယာနုလောမလေးပါးတို့၏ အဓိပ္ပါယ်ကို ဥဒါဟရဏ်နှင့်တကွ ဖေါ်ပြပါ၊

(ဖြေ) သုဒ္ဓ,ဃဋနာ,ဗဟုမူလာဒိစသည်တို့၌ပစ္စည်းကိုနမဖြစ်မူ၍ ဟောကြားအပ်သောဝါရကိုပစ္စည်းအနုလုံဟုခေါ်ပါသည်၊

ထိုကုသလတိက်၌တုံသော်လည်း၊ပဋိစ္စဝါရ,သဟဇာတဝါရ,ပစ္စယဝါရ,နိဿယဝါရ,သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ,ပဉှာဝါရအားဖြင့် ခုနစ်ပါးအပြားယှိ၏၊ထိုတွင် ပဋိစ္စဝါရကိုရှေးဦးစွာဟောတော်မူ၏၊

ထိုပဋိစ္စဝါရ၌တုံသော်သည်း၊ ပစ္စည်းအနုလုံ,ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်,ပစ္စည်းပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားယှိ၏၊ထိုတွင် ပစ္စည်းအနုလုံကိုရှေးဦးစွာဟောတော်မူ၏၊

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း၊ ဝိဘင်္ဂဝါရ,သင်္ချာဝါရအားဖြင့်နှစ်ပါးအပြားယှိ၏၊ ထိုနှစ်ပါးတို့တွင် ဝိဘင်္ဂဝါရကိုရှေးဦးစွာဟောတော်မူ၏၊

---

ဥဒါဟရုဏ်ကား။

သုဒ္ဓ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ။

ကေမူလာဒိ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ,အာရမ္မဏပစ္စယာစသည်တည်း၊

သုဒ္ဓ ကေမူလာဒိစသည်တို့၌ ပစ္စည်းကိုနှုမြစ်၍ ဟောကြားအပ်သောဝါရကိုပစ္စည်းပစ္စနိက်ဟုခေါ်ပါသည်။

ဥဒါဟရုဏ်ကား။

သုဒ္ဓ၌ သိယာကုသလံဓမ္မံပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျနဟေတုပစ္စယာ။

ကေမူလာဒိ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျနဟေတုပစ္စယာနာရမ္မဏပစ္စယာစသည်တည်း။

ကေမူလာဒိ၌မူဖြစ်သောပစ္စည်းကိုနှုမမြစ်မူ၍ မူလီဖြစ်သောပစ္စည်းကိုသာနှုမြစ်၍ ဟောကြားအပ်သောဝါရကိုပစ္စည်းအနုလောမပစ္စနိက်ဟုခေါ်ပါသည်၊

ဥဒါဟရုဏ်ကား၊

သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ နာရမ္မဏပစ္စယာအစယှိသည်တည်း၊

ထိုဝိဘင်္ဂဝါရ၌တုံသော်လည်း၊ ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၊ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရအစရှိသောအားဖြင့် နှစ်ဆယ့်သုံးပါး အပြားရှိ၏၊ ထိုနှစ်ဆယ့်သုံးပါးတို့တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၌တုံသော်လည်း၊ ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ၊ ကုသလာဗျာကတပဒ၊ အကုသလာဗျာကတပဒအားဖြင့် ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် ကုသလပဒကိုရှေးဦးစွာဟောတော်မူ၏၊

ထိုကုသလပဒ၌တုံသော်လည်း၊ ကုသလပဒါဝသာန၊ အဗျာကတပဒါဝသာန ကုသလာဗျာကတပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏။

ထိုကုသလပဒါဝသာန၌တုံသော်လည်း၊ ဝိဓိအနုဝါဒအားဖြင့်နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်ဝိဓိကို ရှေးဦးစွာဟောတော်မူ၏၊ ။
ဟောဟန်ကား၊

ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ ဟူသည်တည်း။

---

ဧကမူလာဒိ၌မူဖြစ်သောပစ္စည်းကိုသာနဖြစ်၍ မူလီဖြစ်သောပစ္စည်းကိုနမဖြစ်ပဲ ဟောကြားအပ်သောဝါရကို ပစ္စည်းပစ္စနီယာနုလောမဟု ခေါ်ပါသည်၊

ဥဒါဟရုဏ်ကား။

သိယာကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇေယျနဟေတုပစ္စယာ အာရမ္မဏပစ္စယာအစရှိသည်တည်း၊

---

ဝိဿဇ္ဇနာဝါရမည်ခြင်းအကြောင်း၊

(မေး) အဘယ်ဝါရကိုဝိဿဇ္ဇနာဝါရဟုခေါ်ပါသနည်း၊

(ဖြေ) ပုစ္ဆာဝါရ၌ဟောကြားအပ်သော ပုစ္ဆာအပေါင်းတို့တွင်မရသင့်သောပုစ္ဆာတို့ကိုပယ်၍ ရသင့်သောပုစ္ဆာတို့ကိုသာ ဖြေဆိုဟောကြားအပ်သောဝါရကိုဝိဿဇ္ဇနာဝါရဟုခေါ်ပါသည်၊

ဝိဓိကိုဟောတော်မူသည်၏ အခြားမဲ့၌၊ အနုဝါဒကိုဟောတော်မူ၏၊ ဟောဟန်ကား။ ။ကုသလံဓမ္မံ ပဋိစ္စတယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စဧကောခန္ဓော၊ ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ .....ဟူသည်တည်း

ကုသလံ၊ ကုသိုလ်ဖြစ်သော၊ ဓမ္မံ၊ တရားကို၊ ပဋိစ္စ၊ စွဲ၍ (တနည်းကား) ပဋိစ္စပဋိဂစ္ဆ၊ တကွဖြစ်ခြင်း ဟုဆိုအပ်သော တူသောအဖြစ်ဖြင့်ရောက်၍၊ ကုသလော၊ ကုသိုလ်ဖြစ်သော၊ ဓမ္မော၊ တရားသည်၊ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊

---

ယာပနေတ္ထဝိသဇ္ဇနံနုလဘန္တိ၊ တာပဟာယ၊ ယာလဘန္တိ တာယေဝ ဝိဿဇ္ဇိ တာကိဝေဒိတဗ္ဗာ၊

ပဋ္ဌာန်းအဋ္ဌကထာ (၃၅၃-၁၀)

ပန၊ ဆက်ပါဦးအံ့၊ ဧတ္ထ၊ ဤဝိဿဇ္ဇနာဝါရ၌၊ ယာ၊ အကြင်ပုစ္ဆာတို့သည်။ ဝိဿဇ္ဇနံ၊ အဖြေကို၊ နလဘန္တိ၊ မရကုန်၊ တာ၊ ထိုပုစ္ဆာတို့ကို၊ ပဟာယ၊ ပယ်၍၊ ယာ၊ အကြင်ပုစ္ဆာတို့သည်။ ဝိဿဇ္ဇနံ၊ အဖြေကို၊ လဘန္တိ၊ ရကုန်၏။ တာယေဝ၊ ထိုပုစ္ဆာတို့ကိုသာလျှင်။ ဝိဿဇ္ဇိတာ၊ ဖြေဆိုအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏၊

---

## ပဋိစ္စဝါရ၏ နိဒ္ဒေသဝါရ။

(မေး) အဘယ်ဝါရကိုပဋိစ္စဝါရ၏ နိဒ္ဒေသဝါရ ဟုမှတ်ယူပါမည်နည်း။

(ဖြေ) ဤဝိဿဇ္ဇနာဝါရကိုသာလျှင် ပဋိစ္စဝါရ၏ နိဒ္ဒေသဝါရဟု မှတ်ယူသင့်ပါသည်၊

ကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာတိအာဒိနာနယေန ပဋိစ္စဝါရဿနိဒ္ဒေသဝါရောအာရဒ္ဓေါ၊

ပဋ္ဌာန်းအဋ္ဌကထာ (၃၄၅-၂၄)

ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာတိ အာဒိနာ နယေန၊ ဤသို့အစရှိသောနည်းအားဖြင့်။ ပဋိစ္စဝါရဿ ပဋိစ္စဝါရ၏၊ နိဒ္ဒေသဝါရော၊ နိဒ္ဒေသဝါရကို။ အာရဒ္ဓေါ၊ အားထုတ်အပ်၏၊

ကုသလံ၊ ကုသိုလ်ဖြစ်သော၊ ဧကံ၊ တပါးသော၊ ခန္ဓံ၊ ဝေဒနာအစရှိသောခန္ဓာကို၊ ပဋိစ္စ၊ စွဲ၍၊ (တနည်းကား) ပဋိစ္စပဋိဂတ္တွာ၊ စကွဖြစ်ခြင်းဟုဆိုအပ်သောတူသောအဖြစ်ဖြင့်ရောက်၍၊ တယော၊ သုံးပါးကုန်သော၊ ခန္ဓာ၊ သညာအစရှိကုန်သောခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တယော၊ သုံးပါးကုန်သော၊ ခန္ဓေ၊ ဝေဒနာ-သညာ-သင်္ခါရ အစရှိကုန်သောခန္ဓာတို့ကို၊ ပဋိစ္စ၊ စွဲ၍။ (တနည်းကား) ပဋိစ္စပဋိဂတ္တွာ၊ တကွဖြစ်ခြင်းဟုဆိုအပ်သောတူသောအဖြစ်ဖြင့်ရောက်၍။ ဧကော၊ တပါးသော၊ ခန္ဓော၊ ဝိညာဉ်အစရှိသောခန္ဓာသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒွေ၊ နှစ်ပါးကုန်သော၊ ခန္ဓေ၊ ဝေဒနာ-သညာအစရှိသောခန္ဓာတို့ကို၊ ပဋိစ္စ၊ စွဲ၍၊ (တနည်းကား) ပဋိစ္စပဋိဂတ္တွာ၊ ၍၊ ဒွေ၊ နှစ်ပါးကုန်သော၊ ခန္ဓာ၊ သင်္ခါရ-ဝိညာဉ်အစရှိကုန်သောခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

---

## ဝိဘင်္ဂဝါရမည်ခြင်းအကြောင်း။

(မေး) အဘယ်ဝါရကိုဝိဘင်္ဂဝါရဟုခေါ်ဆိုရပါသနည်း။

(ဖြေ) ပုစ္ဆာဝါရ၌ထုတ်ဆင့်မေးအပ်သော ပုစ္ဆာအပေါင်းတို့တွင်၊ အဖြေဝိဿဇ္ဇနာချထိုက်သောပုစ္ဆာတို့ကိုဝေဘန်ဖြေဆိုရာဖြစ်သောဝါရကိုဝိဘင်္ဂဝါရဟုခေါ်ဆိုရပါသည်။

---

## သင်္ချာဝါရမည်ခြင်းအကြောင်း။

(မေး) အဘယ်ဝါရကိုသင်္ချာဝါရဟုခေါ်ဆိုရပါသနည်း။

(ဖြေ) ဟေတုပစ္စည်းစသည့်တို့တွင်တခုတခုသောပစ္စည်း၌၊ ဝိဿဇ္ဇနာဝါရကိုချအပ်၏။ ထိုဝိဿဇ္ဇနာဝါရတို့၏ အရေအတွက်သင်္ချာတို့ကို ထုတ်ဆောင်ဟောကြားရာဖြစ်သောဝါရကို သင်္ချာဝါရဟုခေါ်ပါသည်။

---

## ပဋိစ္စဝါရ၌ဟောအပ်သောပစ္စည်း။

(မေး) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်း ရှိသည်ဖြစ်ပါလျက်၊ အဘယ့်ကြောင့် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ(လ)နှစ်ဆဲ့သုံးပါးအပြားရှိ၏ ဟု အရကောက်သရာတော်မိန့်ဆိုရိုးပြုတော်မူပါသနည်း။

ကုသလံခမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာဟူ၍ဟော တော်မူအပ်သော ဝိဓိပါဠိတော်ပ ဋ္ဌာန်၌၊ ကုသလောဓမ္မော……ဟူသော ကထြွားပုဒ်၏အရကား၊ ကုသိုလ်ဧကဝိသစေတသိက်အဋ္ဌတိံသအစိတ် အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ်ဧကဝိသစေတသိက်အဋ္ဌတိံ သအစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရှ၏။

---

(ဖြေ) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်းသို့သည်မှန်ပါသော်လည်း၊ ပစ္ဆာ ဇာတပစ္စည်းကို ဤပဋိစ္စဝါရဒွိ(ဝါ)ဆဝ ါရဒွိဘုရားသျှင်ဟောကြားတော် မမူသောကြောင့်၊ ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ(လ)နှစ်ဆဲ့သုံးပါးအ ပြားသို့၏ဟုအရကောက်ဆရာတော်ဝန့်ဆိုရှိ ပြုတော်မူရပါသည်၊

(မေး) အဘယ့်ကြောင့် ပစ္ဆာဇာတပစ္စည်းကို ဆဝ ါရဒွိဘုရားသျှင် ဟောကြားတော်မမူပါသနည်း၊

(ဖြေ) ပစ္ဆာဇာတပစ္စည်းသည် ကုသိုလ်, အကုသိုလ်တရားတို့အား ကျေးဇူးမပြုပေ။ အဗျာကတတရားအားလည်း၊ ဥပတ္ထမ္ဘကမျှသာဖြစ်၏ ဇနကမဖြစ်ပေ။ ထို့ကြောင့် ပစ္ဆာဇာတပစ္စည်းကို ဆဝ ါရဒွိဘုရားသျှင် ဟောကြားတော်မမူခြင်းဖြစ်သည်။

ပစ္ဆာဇာတော ကုသလာကုသလာနံ ပစ္စယော န ဟောတိ၊ အဗျာကတဿာပိ ဥပတ္ထမ္ဘကော ဝ န ဇနကော။ တသ္မာ ဥပ္ပဇ္ဇတိ ပစ္ဆာဇာတပစ္စယာတိ ဧဝံ ဝတ္တဗ္ဗော ကောစိ ဓမ္မော ပိ နတ္ထီတိ ပစ္ဆာဇာတပစ္စယဝသေန ဝိဿဇ္ဇနံ န ဂဟိတံ။
ပဋ္ဌာန်းအဋ္ဌကထာ ၁၊ ၃၅၆-၂၁)

ပစ္ဆာဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စည်းသည်၊ ကုသလာကုသလာ နံ၊ ကုသိုလ်, အကုသိုလ်တရားတို့အား၊ ပစ္စယော၊ ကျေးဇူးပြုသည်၊ န ဟော တိ၊ မဖြစ်၊ အဗျာကတဿာပိ၊ အဗျာကတတရားအားလည်း၊ ဥပတ္ထမ္ဘကော ဝ၊ ထောက်ပံ့နိုင်စေခြင်းသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ ဇနကော၊ ဖြစ် စေခြင်းသည်၊ န ဟောတိ၊ မဖြစ်၊ တသ္မာ၊ ထို့ကြောင့်၊ ဥပ္ပဇ္ဇတိ ပစ္ဆာဇာတ ပစ္စယာတိ၊ ပစ္စယာ ဟူ၍၊ ဧဝံ၊ ဤသို့၊ ဝတ္တဗ္ဗော၊ ဆိုနိုင်အပ်သော၊ ကော စိ ဓမ္မော ပိ၊ တစုံသောတရားသည်လည်း၊ နတ္ထိ၊ မရှိပေ၊ ဣတိ တသ္မာ၊ ထို့ ကြောင့်၊ ပစ္ဆာဇာတပစ္စယဝသေန၊ ပစ္ဆာဇာတပစ္စည်း၏ အစွမ်းအားဖြင့်၊ ဝိဿဇ္ဇနံ၊ အဖြေကို၊ န ဂဟိတံ၊ မယူအပ်။

ဟေတုပစ္စယော...... ဟူသောပါဠိတ်ပါဌ်၏ အရကား။ သမ္ပယုတ္တက္ခန္ဓာအားတပ်သောကုသိုလ်ဇောဝိသဓေတသိက်အဠဘိ သမ္ဘုဂ္ဘအထဲရတချ ၌ယှဉ်သောမ္ဗိပါဠိတ်ဖြစ်အံ့၊ အလောဘ,အဒေါသ၊တိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ,အမောဟ၊ ဤပါဠိတ်နှစ်ပါးသုံးပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏၊

---

(တနည်းကား)

ဥပ္ပတ္တိဘိ ဟူဟောတော်မူသောကြိုးသာနှင့်မတန်။ အဘယ်ကြောင့် နည်းဟူမူကား။ပဋ္ဌာဓာတပစ္စည်းသည် ရုပ်၏ဥပါဒ်ဆဲကာလ၌ကျေးဇူးမပြု၊ဋ္ဌီသို့ရောက်မှကျေးဇူးပြုသောကြောင့်မတန်၊ထို့ကြောင့်ပဋ္ဌာဓာတပစ္စည်းကို ဆဝါချဋ္ဌိဘုရားသျှင်ဟောဘော်မမူခြင်းဖြစ်သည်၊ (ဤသည်ကားအရကောက်ဆရာဘော်ဘုရား၏ ငါဒတည်း)

---

ပဒ ငါးပါးဖြစ်ရခြင်းအကြောင်း။

(မေး) ပုဏ္ဏာဝါချ၌ ပဒ (၇) ပါးယှဉ်ကြောင်း ပြဆိုအပ်သည်ဖြစ်ပါလျက်၊ဤဝိဘင်္ဂနာဝါချ၌ အဘယ်ကြောင့် ပဒငါးပါး သာမိန့်ဆိုချပါသနည်း၊

(ဖြေ) ပုဏ္ဏာဝါချ၌ ပြဆိုအပ်ခဲ့ပြီးသောအကြောင်းနှင့်အညီ ပဒ(၇) ပါးယှဉ်ကြောင်းပြဆိုအပ်ခဲ့ပြီးသော်လည်း၊ဤဝိဘင်္ဂနာဝါချ၌မူ ကုသလာကုသလပဒနှင့် ကုသလာကုသလာဗျာကတပဒတို့ကို မရအပ်လေသောကြောင့် ပဒငါးပါးသာဖြစ်ရပါသည်၊

(မေး) အဘယ်ကြောင့် ထိုပဒနှစ်ပါးတို့ကိုမရအပ်ပါသနည်း၊

(ဖြေ) ကုသိုလ်နှင့်အကုသိုလ်တို့သည် တကွဖြစ်ခြင်း မယှဉ်ကြလေသောကြောင့်၊ထိုပဒနှစ်ပါးတို့ကိုမရအပ်ခြင်းဖြစ်ပါသည်။

> တတ္ထကုသလာကုသလာဒီနံသဟုပ္ပတ္တိယာအဘာဝတောယာပုဏ္ဏာကုသလံဗျ ပဋိဓ္ဓအကုသလောစေမ္ပာဥပ္ပတ္တိဘိဟေတုပစ္စယာတိဝေဝိသဇ္ဇနံန လဗ္ဘတိ။
>
> ပဋ္ဌာန်းအဋ္ဌကထာ(၃၅၂-၂၁)

တတ္ထ၊ထိုဝိဘင်္ဂနာဝါချ၌၊ကုသလာကုသလာဒီနံ၊ကုသိုလ်အကုသိုလ်

စသည်တို့၏၊ သဟဇာတပစ္စယဘာ၊ တကွဖြစ်ခြင်း၏၊ အဘာဝတော၊ မယှဉ်သော ကြောင့်၊ ယသ္မာ၊ အကြင်အကြောင်းပုဒ်ကြောင့်၊ ကုသလံ၊ မိမိ၏အကုသ လောဓမ္မော ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏၊ ဟေတုပစ္စယာ၊ ဟေတုပစ္စယကြောင့်။ ဝေ၊ ဤသို့၊ ဝိသဇ္ဇနံ၊ အဖြေကို၊ နလဗ္ဘတိ၊ မရအပ်လေကုန်။

## ပဒါဝသာနသုံးပါးသာမိန့်ဆိုခြင်း။

(မေး) ပုစ္ဆာဝါရကုသလပဒ၌ ပဒါဝသာန(၇)ပါးဟိုကြောင်း မိန့် ဆိုရိုး ပြုအပ်ပြီးသည်ဖြစ်ပါလျက်၊ ဤဝိသဇ္ဇနာဝါရကုသလပဒ၌ အ ဘယ့်ကြောင့် ပဒါဝသာနသုံးပါးဟူ၍သာ မိန့်ဆိုရိုးပြုတော်မူရပါသ နည်း၊

(ဖြေ) ပဋိစ္စကိစ္စကို ပြီးစေသော ကုသိုလ်တရားကို ပစ္စည်းပြု၍ ကုသိုလ်သည်ရင်း၊ အဗျာကတသည်ရင်း၊ ကုသိုလ်အဗျာကတသည်ရင်း၊ ဤသုံးပါးသောပစ္စယုပ္ပန်တရားတို့သည်သာဖြစ်နိုင်သောကြောင့်၊ ဝိသဇ္ဇ နာဝါရကုသလပဒ၌ပဒါဝသာနသုံးပါးဟူ၍သာ မိန့်ဆိုရိုးပြုတော်မူရပါ သည်၊

## ပဋိစ္စဝါရသဘောကိုညွှန်ပြခြင်း။

ဤသို့ဝိသဇ္ဇနာဝါရကုသလပဒ၌ ပဒါဝသာနသုံးပါးသာ ဖြစ်ရပုံကို သိသာထင်ရှားစေရန် ပဋိစ္စဝါရ၏သဘောသွားကို ထပ်မံညွှန်ပြရန်လို အပ်ပေသည်။

ရှင်းပါဦးအံ့၊ ဆဝါရတို့တွင် ပဋိစ္စဝါရနှင့်သဟဇာတဝါရတို့မှာ သဒ္ဒါမျှသာထူး၍ အနက်အဓိပ္ပါယ်အားဖြင့် အတူတူပင်ဖြစ်လေသည်။ ထိုပဋိစ္စဝါရ- သဟဇာတဝါရနှစ်ပါးတို့၌ ရုပ်တရား, နာမ်တရားတို့ကို သဟဇာတသဘောအားဖြင့် ပစ္စည်းပစ္စယုပ္ပန်ပြုကာ ယထာရဟဟော ကြားတော်မူလေသည်၊

ဒွိသုပိ စေတသု ရူပါရူပဓမ္မ ဝသေန ပစ္စယာစေဝ ပစ္စယုပ္ပန္နဓမ္မာစ ဝေဒိတဗ္ဗာ၊ တေစခေါ သဟဇာတာဝ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၁၇-၉)

စ၊ ဆက်ပါဦးအံ့၊ ဒွိသုပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေသု၊ ထိုပဋိစ္စ

ပါရ-သဟဇာတဝါရတို့၌၊ ရူပါရူပမိဿကသေနာ၊ ရုပ်တရားနာမ်တရားတို့၏ အစွမ်းအားဖြင့်၊ ပစ္စယာသဘာဂ၊ ပဋိစ္စကိစ္စကို ပြီးစေ တတ်ကုန်သော ပစ္စည်းတရားတို့ကိုရင်း၊ ပစ္စယုပ္ပန္နဓမ္မာ၊ ပစ္စယုပ္ပန်တရားတို့ကိုရင်း၊ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ စ၊ ဆက်ပါဦးအံ့၊ ခေါ၊ စင်စစ်၊ တော၊ ထိုပစ္စည်းတရား ပစ္စယုပ္ပန်တရားတို့ကို၊ သဟဇာတဘာဝ၊ သဟဇာတဖြစ်ကုန်သည်တို့ကို သသျှင်၊ လက္ခဏ္ဍ၊ ရအင်ကုန်၏၊

---

## ပစ္စယာသဘာဂအဓိပ္ပါယ်။

(မေး၊) ဤပဋ္ဌာန်းအဋ္ဌကထာပါဠိတို့တွင် ပစ္စယာသဘာဂဟူသောပါဌ် အရ အဘယ်ပစ္စည်းတရားတို့ကိုယူရမည်နည်း၊ ဟိတ်ခြောက်ပါး ဟေတုပစ္စည်းတရားတို့ကိုယူရမည်လော၊

(ဖြေ) ဟိတ်ခြောက်ပါးဟေတုပစ္စည်းတရားတို့ကိုမယူရပါ။ ပဋိစ္စကိစ္စကိုပြီးစေတတ်ကုန်သော ကုသိုလ်စသောပစ္စည်းတရားတို့ကိုသာယူရပါသည်၊

ပစ္စယာစေဝါတိယေကုသလာဒိခမ္မေပဋိစ္စာတိဝုတ္တာ။ တေပဋိစ္စ ဖရန္တာကုသလာဒိပစ္စယာစေဝါတိအတ္ထော၊
ပဋ္ဌာန်းမူလဋီကာ(၁၄၉-၂၂)

ပစ္စယာစေဝါတိ၊ ပစ္စယာစေဝဟူသည်ကား၊ ယေ၊ အကြင်တရားတို့ကို၊ ကုသလာဒိခမ္မေ၊ ကုသိုလ်အစရှိကုန်သောတရားတို့ကို။ ပဋိစ္စ၊ စွဲ၍။ ဣတိ၊ ဤသို့၊ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏၊ ပဋိစ္စဋ္ဌံ၊ ပဋိစ္စကိစ္စကို၊ ဖရန္တာ၊ ပြီးစေကုန်သော၊ တေကုသလာဒိပစ္စယာစေ၊ ထိုကုသိုလ်အစရှိကုန်သော ပစ္စည်းတရားတို့သည်ရင်း၊ ဣတိအယံ၊ ဤသည်ကား၊ အတ္ထော၊ အနက် တည်း၊

---

## သောစခေါသဟဇာတဘာဝအဓိပ္ပါယ်။

(မေး) တေစခေါသဟဇာတဘာဝ ..... ဟူသော ပဋ္ဌာန်းအဋ္ဌကထာ ပါဠ်၏ အဓိပ္ပါယ်ကိုရှင်းလင်းခဲ့ပါ၊

(ဖြေ) ကုသိုလ်အစရှိကုန်သောပစ္စည်းတရားတို့နှင့် ပစ္စယုပ္ပန်တရား တို့သည်တကွဖြစ်ကြပါမှသာ ပဋိစ္စကိစ္စကိုပြီးစေနိုင်သောသည်၊ တကွမ

ဖြစ်ခဲ့သည်ယှိသော်ပဋိစ္စကိစ္စကိုမပြီးစေနိုင်ပေ။ဤကိုရည်၍ "**တေစခေါသဟဇာတတာဝ**"ဟု ပဋ္ဌာန်းအဋ္ဌကထာဆရာ မိန့်ဆိုတော်မူခြင်းဖြစ်ပါသည်။

**ယသ္မာ ပစ္စယဓမ္မာနံ ပစ္စယုပ္ပန္နေသု ပဋိစ္စဋ္ဌဖရဏံ ဥဘယေသံ တေသံ သဟဘာဝေ သတိ၊ နာညထာ။ တေနေဝ ကာရဏေနာဟ တေစခေါ သဟဇာတတာဝါတိ။**

**ပဋ္ဌာန်းအနုဋီကာ ( ၂၁၁-၂၁ )**

ယသ္မာ၊အကြင့်ကြောင့်၊ပစ္စယဓမ္မာနံ၊ပစ္စည်းတရားတို့၏၊ ပစ္စယုပ္ပန္နေသု၊ပစ္စယုပ္ပန်တရားတို့၌၊ ပဋိစ္စဋ္ဌဖရဏံ၊ပဋိစ္စကိစ္စကိုပြီးစေခြင်းသည်၊ ဥဘယေသံ၊နှစ်ပါးကုန်သော၊ တေသံ၊ထိုပစ္စည်းပစ္စယုပ္ပန်တရားတို့၏၊သဟဘာဝေ၊တကွဖြစ်ခြင်းသည်၊ သတိ၊ယှိလတ်သော်။ ဟောတိ၊ဖြစ်၏။ အညထာ၊တကွဖြစ်ခြင်းမယှိသတ်သော်၊နဟောတိ၊မဖြစ်၊ တေနေဝကာရဏေန၊ ထိုအကြောင်းကြောင့်သာလျှင်၊ တေစခေါသဟဇာတတာဝါတိ၊ ဟူ၍၊အာစရိယော၊အဋ္ဌကထာဆရာသည်၊အာဟ၊မိန့်ဆိုတော်မူ၏။

---

## ဝါရတို့ကိုထပ်မံဟောကြားရခြင်းအကြောင်း။

(မေး) ပဋိစ္စဝါရကို ဟောတော်မူလျှင် ပြီးကောင်းပါလျက်၊ အဘယ့်ကြောင့် ၎င်းနှင့်အနက်အဓိပ္ပါယ်သဘောသွားအားဖြင့် ထူးခြားကွဲလွဲခြင်းမယှိသော သဟဇာတဝါရကိုထပ်မံဟောကြားတော်မူရပါသနည်း။

(ဖြေ) ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုသို့လိုက်၍ နိရုတ္တိကောသလ္လဉာဏ်ရင့်သန်စေလိုသောကြောင့် သဟဇာတဝါရကို ထပ်မံဟောကြားတော်မူရပါသည်။

**ဧဝဥ္စိ နိရုတ္တိကောသလ္လံ ဇနိတံ ဟောတိ။**

**ပဋ္ဌာန်းမူလဋီကာ(၁၄၉-၂၉)**

ဟိ၊အကျိုးကိုဆိုပါဦး ဧွံ၊ဧဝံ၊ယင်းသို့ဝါရတို့ကိုထပ်မံဟောကြားအပ်သည်ယှိသော်။ နိရုတ္တိကောသလ္လံ၊နိရုတ္တိကောသလ္လဉာဏ်ကို၊ ပါ၊သဒ္ဒါ၌ ရှာလိမ္မာခြင်းကို၊ဇနိတံ၊ဖြစ်စေအပ်သည်၊ ဟောတိ၊ဖြစ်၏။

ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဌ်၌။ ကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား၊ ကုသိုလ်ဧကဝီသစေတသိက်အဖွတ် သအစိတ်အပိုင်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ကုသိုလ်ဧကဝီသစေတသိက်အဖွတ် သအစိတ်အပိုင်နာမက္ခန္ဓာပစ္စယုပ္ပန်တရား၏၊

ဟေတုပစ္စယာဟူသော ပိဋ်ပါဌ်၏ အရကား၊ သမ္ပယုတ္တက္ခန္ဓာအား တပ်သော ကုသိုလ်ဧကဝီသစေတသိက်အဖွတ် သပိဏ္ဍကျာဏခတရန်ယှဉ်သော ဒွိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့၊ အလောဘ, အအဒေါသ, အမောဟ၊ ဤဟိတ်နှစ်ပါး-သုံးပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏၊

---

ပစ္စယဝါရနှင့်အနက်အဓိပ္ပါယ်သဘောသွားအားဖြင့် ထူးခြားကွဲလွဲခြင်းမရှိသောနိဿယဝါရကို ထပ်မံဟောကြားရာ၌ရှင်း၊ သံသဋ္ဌဝါရနှင့် အနက်အဓိပ္ပါယ်သဘောသွားအားဖြင့် ထူးခြားကွဲလွဲခြင်းမရှိသော သမ္ပယုတ္တဝါရကိုထပ်မံဟောကြားရာ၌ရှင်း ယင်းနည်းအတူပင်မှတ်လေ၊

---

## ဆဝါရအထူး။

(မေး) ပဋိစ္စဝါရ-သဟဇာတဝါရနှစ်ပါးတို့နှင့် ပစ္စယဝါရ-နိဿယဝါရနှစ်ပါး, သံသဋ္ဌဝါရ-သမ္ပယုတ္တဝါရနှစ်ပါးတို့ မည်ကဲ့သို့ထူးကြပါသနည်း။

(ဖြေ) ပဋိစ္စဝါရ-သဟဇာတဝါရနှစ်ပါးတို့၌ရုပ်တရားနာမ်တရားတို့ကိုသဟဇာတသဘောအားဖြင့် ပစ္စည်းပစ္စယုပ္ပန်ပြုကာယထာရဟဟောကြားတော်မူသည်။

ပစ္စယဝါရ-နိဿယဝါရနှစ်ပါးတို့၌ ရုပ်တရား, နာမ်တရားတို့ကို နိဿယ, ပုရေဇာတသဘောအားဖြင့်ပစ္စည်းပစ္စယုပ္ပန်ပြုကာ ယထာရဟ ဟောကြားတော်မူသည်။

သံသဋ္ဌဝါရ- သမ္ပယုတ္တဝါရနှစ်ပါးတို့၌နာမ်တရားသက်သက်ကိုသာ သမ္ပယုတ္တသဘောအားဖြင့် ပစ္စည်း, ပစ္စယုပ္ပန်ပြုကာ ယထာရဟဟောကြားတော်မူသည် ဤကဲ့သို့ထူးကြပါသည်။

ထိုနှစ်ပါးဘို့တွင်အရကား ပဋ္ဌာနအားဖြင့်ကဏ္ဍအားသာတည်း။ ။ခန္ဓာဝါရကား တခွဲလေးဝါရဖြစ်သတည်း၊ တခွဲလေးဝါရဟူသည်ကား ဇာကကလေးဝါရ၊ တိက သေးဝါရ၊ ဒုက ခြောက်ဝါရ,ဤသို့အားဖြင့် တခွဲလေးဝါရဖြစ်သတည်း။

---

## ဝိဓိနှင့်အနုဝါဒ။

(မေး) ဝိဓိနှင့်အနုဝါဒတို့၏အပြပ္ပါယ်ကို သိသာရုံရေးသားဖော်ပြခဲ့ပါ၊

(ဖြေ) ကုသိုလ်စသည့်တို့ကိုခွဲ၍ ကုသိုလ်စသည့်တို့၏ဖြစ်ပုံ အစီအရင်ကိုဟောဖော်ညွှန်ပြသောဝါရကို‘ ဝိဓိ”ဟုခေါ်သည်။

(မှတ်ချက်။ ။အရကောက်၌ “ဝိသိ” ဟုမိန့်ဆိုထားသည်။)

ကုသိုလ်စသည့်တို့ကိုပေါင်း၍ ကုသိုလ်စသည့်တို့၏ဖြစ်ပုံကိုထင်မြင်ဖွင့်ဆိုဟောကြားအပ်သောဝါရကို“အနုဝါဒ”ဟုခေါ်သည်၊

## ဥပ္ပန္နာဘိကြီးသော။

(မေး) ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိ...... ဟူသော ဝိဓိပါဠိတော်ပါဠိ၌ ဥပ္ပဇ္ဇတိဟူသော ကြိယာပုဒ်အရ ဥပါဒ် ဌီ-ဘင်ဟုဆိုသောခဏသုံးပါးတို့တွင် အဘယ်ခဏကိုယူရမည်နည်း၊

(ဖြေ) အဋ္ဌကထာဆရာအလို ခဏသုံးပါးလုံးကိုယူရပါသည်။

ဥပ္ပဇ္ဇတီတိဥပ္ပါဒတောယာဝနိရောဓဂမနာဥဒ္ဓံပဋ္ဌာဘိနိဗ္ဗတ္တတီတိ အတ္ထော၊ အတ္တာနံ လဘတိ ဥပ္ပါဒါဒယော တယောပိခဏေ ပါပုဏာတီတိ ဝုတ္တံ ဟောတိ၊

ပဋ္ဌာန်းအဋ္ဌကထာ (၃၅၃-၁၆)

ဥပ္ပဇ္ဇတိတိ၊ ဥပ္ပဇ္ဇတိဟူသည်ကား၊ ဥပ္ပါဒတော၊ ဥပါဒ်မှ၊ ယာဝနိရောဓဂမနာ၊ ဘင်သို့ရောက်သည့်တိုင်အောင်၊ ဥဒ္ဓံ၊ အထက်၌၊ ပဋ္ဌာဘိနိဗ္ဗတ္တတိ ဖြစ်ထ၏၊ ဣတိ၊ ဤသည်လည်း၊ အတ္ထော၊ အနက်တည်း၊ အတ္တာနံ၊ မိမိကို၊ လဘတိ၊ ရ၏၊ ဥပ္ပါဒါဒယော၊ ဥပါဒ်အစရှိကုန်သော၊ တယောပိခဏေ၊ သုံးပါးသောခဏတို့သို့လည်း၊ ပါပုဏာတိ၊ ရောက်၏၊ ဣတိ ဤသို့၊ ဝုတ္တံ၊ မိန့်ဆိုအပ်သည်၊ ဟောတိ၊ ဖြစ်၏၊

## မူလဋီကာအလိုဥပါဒ်ခဏကိုသာ အလိုယှိအပ်ပေသည်။

ဥပ္ပါဒက္ခဏသမင်္ဂိယေဝ ပန ဓမ္မံ ပုစ္ဆာတိ ဒဿေတွာ။
ပဋ္ဌာန်းမူလဋီကာ(၁၅၅-၂၇)

ပနု၊အလျှောက်ကိုဆိုပါဦးအံ့၊ဥပ္ပါဒက္ခဏသမင်္ဂိယေဝ၊ဥပါဒ်ခဏနှင့်ပြည့်စုံသောတရားကိုသာလျှင်၊ဓမ္မံ၊ဤသို့၊ ပုစ္ဆာ၊ဥပ္ပန္နတိကြိယာဖြင့်ဒိန့်ဆိုအပ်၏၊ဣတိ၊ဤသို့၊ဒဿေတွာ၊မှတ်အပ်၏။

---

## အနုဋီဒေပါဠိဋ္ဌမှတ်သားဘွယ်။

(မေး၊) ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့ကို ခန္ဓာ့ဖွဲ့လိုက်သောအခါ၊သင်္ခါရက္ခန္ဓာတပါးတည်းသာဖြစ်၍ "ကော်ခန္ဓံ ပဋိစ္စ ဧကော ခန္ဓော" ဟူ၍သာ ဟောတော်မူသင့်ပါလျက်၊ အဘယ့်ကြောင့် တယောခန္ဓေပဋိစ္စဧကောခန္ဓော၊ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ ဟူသောဒေသနာကို ဘုရားသျှင်ဟောတော်မူခဲ့ပါသနည်း၊

(ဖြေ) တယောခန္ဓေအရ ဟိတ်ခြောက်ပါး ဟေတုပစ္စည်းတရားကို မယူရ၊ပဋိစ္စကိစ္စကိုပြီးစေတတ်ကုန်သောကုသိုလ်အစရှိသောနာမက္ခန္ဓာ ပစ္စည်းတရားတို့ကိုသာယူရလေသောကြောင့် တယောခန္ဓေပဋိစ္စဧကော ခန္ဓာ......စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်၊

---

### ကော်ခန္ဓံ ပဋိစ္စဧကောခန္ဓောစသည်မဟောခြင်း။

(မေး) ဘုရားသျှင်သည် ဧကံခန္ဓံပဋိစ္စဧကောခန္ဓောဟူ၍၎င်း၊ ဒွေခန္ဓာဟူ၍၎င်း၊ ဒွေခန္ဓေပဋိစ္စဧကောခန္ဓောဟူ၍၎င်း၊ အဘယ့်ကြောင့် ဟောကြားတော်မမူပါသနည်း။

(ဖြေ) ကုသလတိက်၌ခန္ဓာတပါးသည် ခန္ဓာတပါးအား၎င်း နှစ်ပါးအား၎င်း၊ ခန္ဓာနှစ်ပါးတို့သည်ခန္ဓာတပါးအား၎င်း၊ကျေးဇူးမပြုပေ၊ထို့ကြောင့် ဤကဲ့သို့ဟောကြားတော်မမူခြင်းဖြစ်ပါသည်၊

ယသ္မာ ပန ဓကောခန္ဓော ဓကေသာ ဒွိန္နံ ယေဝ ဝါ ဒွေဝါ ပန ကေသာ
ပစ္စယော နာမ နတ္ထိ၊ တသ္မာ ဧကံ ခန္ဓံ ပဋိစ္စ ဧကော ခန္ဓော၊ ဧကံ ခန္ဓံ ပဋိစ္စ ဒွေ
ခန္ဓာ ဒွေ ခန္ဓေ ပဋိစ္စ ဧကော ခန္ဓောတိ န ဝုတ္တံ။
ပဋ္ဌာန်းအဋ္ဌကထာ(၃၅၃-၂၈)

ပန ဆက်ပါဦးအံ့၊ ယသ္မာ၊ အကြင့်ကြောင့်၊ ကောဘ၊ တပ်းသော၊ ခန္ဓာ၊ ခန္ဓာသည်၊ ကေဿဝါ၊ ခန္ဓာတပါးအားသာလျှင်ဖြင်း၊ ဒွိန္နံ ယောဝ ဝါ၊ ခန္ဓာနှစ်ပါးတို့အားသာလျှင်ဖြင်း၊ ပန ဆက်တို့တပါးကိုဆိုဦးအံ့၊ ဒွေ၊ နှစ်ပါးကုန်သော၊ ခန္ဓာတို့သည်၊ ကေဿဝဝါ၊ ခန္ဓာတပါးအားသာလျှင်ဖြင်း၊ ပစ္စယောနာမ၊ ကျေးဇူးပြုသည်မည်သည်၊ နတ္ထိ၊ မဟုတ်ပေ၊ တသ္မာ၊ ထို့ကြောင့်၊ ကော်ခန္ဓံပဋိစ္စကောခန္ဓော, ကော်ခန္ဓံ ပဋိစ္စ ဒွေခန္ဓာ ဒွေခန္ဓေပဋိစ္စကောခန္ဓော တိခန္ဓော ဟူ၍၊ နဝုတ္တံ၊ ဟောကြားတော်မူအပ်၊

---

## သန္တာမဟာဘာဒသီဘာဖြစ်ခြင်း။

ဤ၌ပဋ္ဌာန်း အဋ္ဌကထာဆရာ၏စကားကို ကုသလတိက်ကိုရည်၍ မြန်မာဆိုအပ်သော "သန္တာသဘာဒသီဘာစကား" ဟုမှတ်သားရာသည်၊

မှန်ပါသည်။ ၊ဝေဒနာတိက်စသည်တို့၌ ခန္ဓာတပါးကိုစွဲ၍၊ ခန္ဓာနှစ်ပါးတို့သည်ဖြင်း၊ ခန္ဓာနှစ်ပါးတို့ကိုစွဲ၍ ခန္ဓာတပါးသည်ဖြင်း ဖြစ်နိုင်လေသည်၊

> **ယသ္မာ ပန ဧကောခန္ဓော ကေဿာတိအာဒိ ဣဓ ကုသလဝစနေန ဂဟိတေ ခန္ဓေသန္ဓာယ ဝုတ္တံ၊ ဝေဒနာတ္တိကာဒီသု ပန ကော်ခန္ဓံ ပဋိစ္စ ဒွိန္နံ ဒွေပဋိစ္စ ကေဿာပိ ဟေတုဒုကာဒီသု စသင်္ခါရက္ခန္ဓေကဒေသံ ပဋိစ္စ သင်္ခါရက္ခန္ဓေကဒေသဿ ပိ ဥပ္ပတ္တိ ဝုတ္တာ၊**
> ပဋ္ဌာန်းမူလဋီကာ(၁၅၅-၂၅)

ယသ္မာပန ဧကောခန္ဓော ကေဿာတိအာဒိ၊ ဤသို့အစရှိသောစကားကို၊ ဣဓ၊ ဤပဋိစ္စဝါရ၌၊ ကုသလဝစနေန၊ ကုသလသဒ္ဒါဖြင့်၊ ဂဟိတေ၊ ယူအပ်ကုန်သော၊ ခန္ဓေ၊ ခန္ဓာတို့ကို၊ သန္ဓာယ၊ ရည်၍၊ ဝုတ္တံ၊ မြန်မာဆိုတော်မူအပ်၏၊ ပန၊ မူလဝါကျ၊ ဆန့်ကျင်လှ၍၊ နှသထောက်ချင့်၊ အသင့်ပြဆို၊ ဝေဒနာတ္တိကာဒီသု၊ ဝေဒနာတိက်စသည်တို့၌၊ ကော်ခန္ဓံ၊ ခန္ဓာတပါးကို၊ ပဋိစ္စ၊ စွဲ၍၊ ကေဿာပိ ခန္ဓာတပါး၏ဖြင်း၊ ဒွေ၊ ခန္ဓာနှစ်ပါးတို့ကို၊ ပဋိစ္စ၊ စွဲ၍၊ ကေဿာပိ၊ ခန္ဓာတပါး၏ဖြင်း၊ ဟေတုဒုကာဒီသုစ၊ ဟေတုဒုက်စသည်တို့၌လည်း၊ သင်္ခါရက္ခန္ဓေကဒေသံ၊ သင်္ခါရက္ခန္ဓာတစိတ်ကို၊ ပဋိစ္စ၊ စွဲ၍၊ သင်္ခါရက္ခန္ဓေကဒေသဿပိ၊ သင်္ခါရက္ခန္ဓာတစိတ်၏ဖြင်း၊ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို၊ ဝုတ္တာ၊ ဟောတော်မူအပ်၏၊

## ဟေတုပစ္စယုပ္ပန်တရားများ။

သဟိတ်စိတ်စေတသိက်, မောဟမူဒွေ၌ မောဟကြဉ်သောစေဒွေ ပညာသသဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်- သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည်ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။

## ဝိဓိပါဠိထုတ်နည်းနယပဒေသ။

ပဋ္ဌာန်းပါဠိတော်ကိုမကြည့်ပဲ၊ ဝိဓိဟောရွတ်ရမည့် တရားအပုံကို ကြည့်၍၊ နံပါတ်စဉ်ဖြင့်ညွှန်းပြအပ်သော အောက်ပါနယပဒေသတို့ကို လေ့လာ၍ ဝိဓိပါဠိကိုထုတ်ရာသည်။

(၁) ဝိဓိဟောရွတ်ရမည့်ပစ္စည်း၏ ဆိုင်ရာ ပစ္စယုပ္ပန် တရားတို့ကို ဦးစွာရှာရမည်၊

(၂) ထိုပစ္စယုပ္ပန်တရားတို့မှာ နာမက္ခန္ဓာတရား, ရုပ်တရားအားဖြင့် နှစ်မျိုးရှိလေသည်၊ ထိုတွင်အချို့ပစ္စည်း၌နာမက္ခန္ဓာသက်သက်သာပါရှိ၍၊ အချို့ပစ္စည်း၌နာမက္ခန္ဓာ, ရုပ်နှစ်ပါးစုံပါရှိတတ်လေရာ။ ထိုတရားတို့ကို (က) နာမက္ခန္ဓာတပုံ (ခ) ရုပ်တပုံအားဖြင့်(၂)ပုံပုံရာသည်-

(၃) ထိုနှစ်ပုံတို့တွင် (က) နာမက္ခန္ဓာကို (၁) ကုသိုလ်တပုံ။ (၂) အကုသိုလ်တပုံ (၃) အဗျာကတတပုံအားဖြင့် သုံးပုံပုံရာသည်။

(၄) ရုပ်တရားသည်လည်း စိတ္တဇရုပ်-ပဋိသန္ဓေကမ္မဇရုပ်-ဗာဟိရရုပ်စသောအားဖြင့် အမျိုးမျိုးရှိလေရာ၊ အချို့ပစ္စည်း၌စိတ္တဇရုပ်သာပါရှိ၍၊ အချို့ပစ္စည်း၌စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်နှစ်မျိုးပါရှိပြီးလျှင်၊ အချို့ပစ္စည်း၌ပဋိသန္ဓေကမ္မဇရုပ်- အသညသတ်ကမ္မဇရုပ်- ပဝတ္တိကမ္မဇရုပ် ပါရှိသည့်အပြင်၊ အချို့ပစ္စည်း၌ စိတ္တဇရုပ်-ပဋိသန္ဓေကမ္မဇရုပ်- ဗာဟိရရုပ်-အာဟာရဇရုပ်-ဥတုဇရုပ်-အသညသတ်ကမ္မဇရုပ် -ပဝတ္တိကမ္မဇရုပ်, အားလုံးပါရှိတတ်လေသည်။

(၅ ထိုရုပ်တရားတို့ကို စိတ္တဇရုပ်တပုံ- ပဋိသန္ဓေကမ္မဇရုပ်တပုံ,အစရှိသောအားဖြင့် တပုံစီပုံရာသည်၊ ထိုရုပ်တရားစုတို့မှာ အားလုံးအဗျာကတချည်းသာဖြစ်ကြလေသည်၊

## ဝိဓိပါဠိထုတ်နည်း။

နာမက္ခန္ဓာသက်သက်သာပါယှိသောပစ္စည်းမျိုး၌ ဝိဓိပါဠိထုတ်နည်းမှာ၊နာမက္ခန္ဓာတို့ကို (၁) ကုသိုလ်တပုံ (၂) အကုသိုလ်တပုံ (၃) အဗျာကတတပုံ အားဖြင့် ယထာရဟာသုံးပုံ ပုံပြီးလျှင်။ အကြင်ပစ္စည်း၌ ကုသိုလ်အပုံပါယှိငြားအံ့၊ ထိုပစ္စည်း၌ကုသလပဒပါယှိပြီဟု မှတ်ရမည်။ ကုသလပဒပါယှိပါက ကုသလပဒါဝသာနလည်းပါယှိလေတော့သည် ထို့ကြောင့်-

(၁) ကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ စ သည်ဖြင့် ဝိဓိပါဠိထုတ်ရသည်၊

အကြင်ပစ္စည်း၌ အကုသိုလ်အပုံပါယှိငြားအံ့။ ထိုပစ္စည်း၌ အကုသလပဒပါယှိပြီဟု မှတ်ရမည်၊ အကုသလပဒပါယှိပါက အကုသလပဒါဝသာနလည်းပါယှိလေတော့သည်။ ထို့ကြောင့်—

(၂) အကုသလံဓမ္မံပဋိစ္စအကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ စသည်ဖြင့် ဝိဓိပါဠိထုတ်ရသည်၊

အကြင်ပစ္စည်း၌ ဝိပါက်ကြိယာဟုဆိုအပ်သော အဗျာကတအပုံပါယှိငြားအံ့၊ ထိုပစ္စည်း၌အဗျာကတပဒပါယှိပြီဟုမှတ်ရမည်၊ အဗျာကတပဒပါယှိပါက အဗျာကတပဒါဝသာနလည်း ပါယှိလေတော့သည်၊ ထို့ကြောင့်—

အဗျာကတံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ-စသည်ဖြင့် ဝိဓိပါဠိထုတ်ရသည်၊

ယင်းသို့ နာမက္ခန္ဓာ သက်သက်သာ ပါယှိသောပစ္စည်းမျိုး၌ ပဒသုံးချက်, ပဒါဝသာနသုံးချက်သာ ပါယှိသောကြောင့် ပြဆိုအပ်ခဲ့ပြီးသော ဝိဓိပါဠိသုံးမျိုးသာဖြစ်နိုင်လေသည်၊

နာမက္ခန္ဓာ ဝိဘင်္ဂရုပ်ပါယှိသောပစ္စည်းမျိုး၌ နာမက္ခန္ဓာအတွက် (၃) ချက်၊ ကုသိုလ်ဝိဘင်္ဂရုပ်အတွက် အဗျာကတပဒါဝသာနတချက်၊ ကုသလာဗျာကတပဒါဝသာနတချက်၊အကုသိုလ်ဝိဘင်္ဂရုပ်အတွက် အဗျာကတပဒါဝသာနတချက်၊ အကုသလာဗျာကတပဒါဝသာန တချက်တိုးလေသည်၊ ထို့ကြောင့်—

(၁) ကုသလံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ၊
(၂) ကုသလံဓမ္မံပဋိစ္စကုသလောစအဗျာကတောစဓမ္မာဥပ္ပဇ္ဇန္တိဟေတုပစ္စယာ၊
(၃) အကုသလံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ၊
(၄) အကုသလံဓမ္မံပဋိစ္စအကုသလောစအဗျာကတောစဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ၊

စသည်ဖြင့် ဝိဝိပါဠိထွက်ရာသည်၊

တဖန်ကုသိုလ်,အကုသိုလ် နာမက္ခန္ဓာဝိတ္တစေရုပ်ပေါင်း၍ (က)ကုသလာဗျာကတပဒ (ခ) အကုသလာဗျာကတပဒ မိဿကပဒနှစ်ချက်တိုးရာ၊ ထိုနှစ်ချက်တို့၌ အဗျာကတပဒါဝသာန တချက်စီ တိုးပြန်သောကြောင့်—

(၁) ကုသလဉ္စအဗျာကတဉ္စဓမ္မံ ပဋိစ္စအဗျာကတောဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊
(၂) အကုသလဉ္စအဗျာကတဉ္စဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊

စသည်ဖြင့် ဝိဝိပါဠိထွက်ရာသည်၊

ဝိတ္တစေရုပ်မှတပါး အခြား ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ် စသည်တို့မှာ၊အဗျာကတပဒ,အဗျာကတပဒါဝသာနသို့ဝင်သောကြောင့်၊ သီးခြားဝိဝိထုတ်ဘွယ်မဟုတ်ပေ။

ရုပ်တရားတို့တွင် ဝိတ္တစေရုပ်သည် "အခရာ" ဖြစ်၍ ဝိတ္တစေရုပ်ပါသောပစ္စည်းမျိုးတို့၌၊သင်းကဲ့သို့ ပဒ,ပဒါဝသာနတိုးမှုဖြစ်နိုင်ကြောင်းကို အထူးသတိချပ်ရာသည်၊

---

## အနုဝါဒပါဠိထုတ်နည်းနယူပဒေသ။

နာမက္ခန္ဓာသည် (၁) ကုသိုလ်နာမက္ခန္ဓာ (၂) အကုသိုလ်နာမက္ခန္ဓာ (၃) ဝိပါက်ကြိယာအဗျာကတနာမက္ခန္ဓာအားဖြင့် သုံးမျိုးဟိရာ၊

(၁) ကုသိုလ်နာမက္ခန္ဓာကို ပဒ,ပဒါဝသာနပြု၍ ဟောကြားရာ၌ ကုသိုလ်နာမက္ခန္ဓာလေးပါးတို့တွင်၊

(က) နာမက္ခန္ဓာတပါးကိုစွဲ၍ နာမက္ခန္ဓာသုံးပါး၊
(ခ) နာမက္ခန္ဓာသုံးပါးတို့ကိုစွဲ၍ နာမက္ခန္ဓာတပါး၊
(ဂ) နာမက္ခန္ဓာနှစ်ပါးတို့ကိုစွဲ၍ နာမက္ခန္ဓာနှစ်ပါးဖြစ်ကြလေသောကြောင့်—
(က) ကုသလံဧကံခန္ဓံပဋိစ္စတယောခန္ဓာ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓော၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ၊
ဟုအနုဝါဒပါဠိထုတ်ရလေသည်။

(၂) အကုသိုလ်နာမက္ခန္ဓာကို ပဒ,ပဒါဝသာနပြု၍ ဟောကြားရာ၌လည်း ယင်းနည်းအတူပင်ဖြစ်ပေသည်၊ "ကုသလ"ပါဠိအစား "အကုသလ"ပါဠိကိုထည့်သွင်းရခြင်းသာထူးလေသည်၊

(၃) ဝိပါက်ကြိယာ အဗျာကတနာမက္ခန္ဓာကို ပဒ,ပဒါဝသာနပြုလုပ်ဟောကြားရာ၌ ပဝတ္တ်, ပဋိသန္ဓေနှစ်မျိုး ခွဲခြား ဝေဘန်ပြီးလျှင် ပဝတ္တိအခါ၌ -
(က) ဝိပါကာဗျာကတံကြိယာဗျာကတံဧကံခန္ဓံပဋိစ္စတယောခန္ဓာ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓော၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ၊
ဟုအနုဝါဒပါဠိ ထုတ်ရလေသည်၊

ပဋိသန္ဓေအခါ၌မူ ကြိယာအဗျာကတကားမဖြစ်၊ ဝိပါက်အဗျာကတ တပါးတည်းသာဖြစ်သောကြောင့်—
(က) ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံခန္ဓံပဋိစ္စတယောခန္ဓာ။
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓော။
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ၊
(ဃ) ဝတ္ထုံပဋိစ္စဒွေခန္ဓာ၊
ဟုအနုဝါဒထုတ်ရလေသည်။

---

## ဝတ္ထုံပဋိစ္စခန္ဓာဟုဟောတော်မူခြင်း။

ပဋိသန္ဓေအခါ၌ ဝိပါက်နာမက္ခန္ဓာတို့သည် နာမက္ခန္ဓာအချင်းချင်းကို သာစွဲမှီ၍ ဖြစ်ကြရသည်မဟုတ်သေး၊ ဟဒယဝတ္ထုကိုလည်းစွဲမှီ၍

ဖြစ်ကြရလေသောကြောင့်— ဝတ္ထုံပဋိစ္စခန္ဓာ......ဟု အနုဝါဒပါဠိအသွေး ထုတ်ရလေသည်၊

ကုသိုလ် အကုသိုလ်တို့ကိုပဒပြု၍ အဗျာကတကို ပဒါဝသာနပြုရာ၌ ကုသိုလ်အကုသိုလ်ကိုစွဲမှီ၍ စိတ္တဇရုပ် အဗျာကတသာ ဖြစ်နိုင်သော ကြောင့်—

(က) ကုသလေခန္ဓေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ၊
(ခ) အကုသလေခန္ဓေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ၊

ဟုအနုဝါဒပါဠိထုတ်ရလေသည်၊

ကုသိုလ် အကုသိုလ်တို့ကိုပဒပြု၍ ကုသိုလ်အကုသိုလ်စိတ္တဇရုပ်အဗျာကတတို့ကိုရောနှောကာ ပဒါဝသာနပြုရာ၌—

(က) ကုသလံဧကံခန္ဓံပဋိစ္စတယောခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓောစိတ္တသမုဋ္ဌာနဉ္စရူပံ၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ။

ဟုအနုဝါဒပါဠိထုတ်ရလေသည်၊

ပဝတ္တိအခါ အဗျာကတကို ပဒ,ပဒါဝသာနပြုရာ၌၊ ဝိပါက်ကြိယာ စိတ္တဇရုပ်အဗျာကတသာဖြစ်သောကြောင့်-

(က) ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံခန္ဓံပဋိစ္စတယောခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓောစိတ္တသမုဋ္ဌာနဉ္စရူပံ။
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ။

ဟုအနုဝါဒပါဠိထုတ်ရလေသည်၊

ပဋိသန္ဓေအခါ အဗျာကတကိုပဒ,ပဒါဝသာနပြုလုပ်ဟောကြားရာ၌ ကြိယာအဗျာကတနှင့်စိတ္တဇရုပ်သည် ပဋိသန္ဓေအခါ၌မဖြစ်၊ ဝိပါက်အဗျာကတနှင့် ကဋတ္တာရုပ်သာ ဖြစ်လေသောကြောင့်—

(က) ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံခန္ဓံပဋိစ္စတယောခန္ဓာ ကဋတ္တာစရူပံ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓောကဋတ္တာစရူပံ၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ ကဋတ္တာစရူပံ။

ထိုနှစ်ပါးတို့တွင် အရကားပဋ္ဌာနအားဖြင့် ကဏ္ဍားသာသည်း၊ ခန္ဓာဝါရကား- တဆဲ့လေးဝါရဖြစ်သတည်း၊ တဆဲ့လေးဝါရ ဟူသော်ကား၊ ဧကကလေးဝါရ-တိကလေးဝါရ-ဒုကခြောက်ဝါရ ဤသို့အားဖြင့်တဆဲ့လေးဝါရဖြစ်သတည်း၊

---

(ဃ) ခန္ဓပဋိစ္စဝဏ္ဏု၊
(င) ဝဏ္ဏုပဋိစ္စခန္ဓာ၊
ဟုအနုဝါဒပါဠိထုတ်ရလေသည်၊

ရုပ်သက်သက်၌ ရုပ်တရားတို့ကိုစိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်,ဗာဟိရရုပ်စသည်တပုံစီပုံပြီးလျှင်၊ထိုရုပ်တရားတို့သည်မဟာဘုတ်,ဥပါဒါရုပ်အားဖြင့် နှစ်မျိုးစီဟိုကြောင်းကိုသတိချပ်၍ မဟာဘုတ်လေးပါးတို့တွင်

(၁) မဟာဘုတ်တပါးကိုစွဲ၍ မဟာဘုတ်သုံးပါး၊
(၂) မဟာဘုတ်သုံးပါးတို့ကိုစွဲ၍ မဟာဘုတ်တပါး၊
(၃) မဟာဘုတ်နှစ်ပါးတို့ကိုစွဲ၍ မဟာဘုတ်နှစ်ပါး၊
(၄) မဟာဘုတ်လေးပါးလုံးကိုစွဲ၍ ဥပါဒါရုပ်တို့ဖြစ်ကြလေသောကြောင့်—

(၁) ဧကံမဟာဘူတံပဋိစ္စတယောမဟာဘူတာ၊
(၂) တယောမဟာဘူတေပဋိစ္စဧကံမဟာဘူတံ၊
(၃) ဒွေမဟာဘူတေပဋိစ္စဒွေမဟာဘူတာ၊
(မှတ်ချက်။ ။ဆဝါရ၌ သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိနှစ်ပါးတို့တွင် သဟဇာတာဓိပတိကိုသာ ဟောတော်မူသောကြောင့် သဟဇာတာဓိပတိပစ္စယုပ္ပန်ကိုသာ ဆဝါရဆိုရိုးအဖြစ်ဖြင့် ထုတ်ဆောင်ပေါ်ပြရခြင်းဖြစ်ပေသည်။ ထိုဆဝါရသဟဇာတာဓိပတိပစ္စယုပ္ပန်ဆိုရိုးမှာပစ္စယနိဒ္ဒေသ,ပဉ္စာဝါရသဟဇာတာဓိပတိ ပစ္စယုပ္ပန်ဆိုရိုးကိုချုံး၍ ပဋ္ဌာန်းအရကောက်ဆရာတော် ညွှန်ပြတော်မူသော ဆိုရိုးဖြစ်ပေသည်။ နောက်နောက် ပစ္စည်းတို့၌လည်း ယင်းနည်းအတူပင်မှတ်လေ။)

## ကုသလပဒ။

ကုသလော ဓမ္မော......ဟူသောကဗ္ဗာ‌းပုဒ်၏ အရကား၊အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကြွင်းနေသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု,မဂ်လေးခု,ပေ-အဋ္ဌတိံသ အစိတ်အပိုင်းနာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိ ဒုရားကိုယ်ကြည့်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကြွင်းနေသောမဟဂ္ဂုတ်ကုသိုလ်ကိုးခု,မဂ်လေးခု,ပေ-အဋ္ဌတိံသ အစိတ်အပိုင်းနာမက္ခန္ဓာပဋ္ဌာယုပ္ပန်တရားရ၏။

---

## ပဒ,ပဒါဝသာနုထုတ်ပုံ။

ဤအဓိပတိဝိဘင်္ဂဝါရ၌ နာမက္ခန္ဓာနှင့်စိတ္တဇရုပ်တို့ကိုရော၍ ပစ္စယုပ္ပန်အဖြစ်ဖြင့်ဟောကြားအပ်သောကြောင့် ပဒ-ငါးချက်, ပဒါဝသာနု-ကိုးချက်ထွက်ကြောင်းသိမှတ်ကြရာသည်။

## ပဒ,ပဒါဝသာနုခွဲးပုံမှာ။

(က) ကုသလပဒ၌- (၁) ကုသလပဒါဝသာနု (၂) အဗျာကတ ပဒါဝသာနု (၃) ကုသလာဗျာကတပဒါဝသာနု(၃)ချက်၊

(ခ) အကုသလပဒ၌(၁)အကုသလပဒါဝသာနု (၂)အဗျာကတပဒါဝသာနု(၃)အကုသလာဗျာကတပဒါဝသာနု(၃)ချက်၊

(ဂ) အဗျာကတပဒ၌ အဗျာကတပဒါဝသာနု(၁)ချက်၊

(ဃ) ကုသလာဗျာကတပဒ၌ အဗျာကတပဒါဝသာနု(၁)ချက်၊

(င) အကုသလာဗျာကတပဒ၌ အဗျာကတပဒါဝသာနု(၁)ချက်၊

ဤသို့အားဖြင့် ပဒ(၅)ချက် ပဒါဝသာနု(၉)ချက်ဖြစ်လေသည်။

---

### အဓိပတိပစ္စည်းကိုရသောအခါ ကြွင်းနေသောဟုမိန့်ဆိုခြင်း။

(မေး) ကုသလော ဓမ္မော.....ဟူသောကဗ္ဗာ‌းပုဒ်အရကောက်ဆိုရိုး၌"အဓိပတိပစ္စည်းကိုရသောအခါ" "ကြွင်းနေသော"ဟု အဘယ့်ကြောင့် ဝိဘင်္ဂသနု-မ-၍ မိန့်ဆိုရိုးပြုတော်မူရပါသနည်း၊

(ဖြေ) ကုသိုလ်ကြေဝိသတို့တွင်...... မဟာကုသိုလ်ရှစ်ခုသည် အဓိပတိပစ္စည်းကိုရသည့်အခါရ၍, မရသည့်အခါမရ၊ အနေကန်ဖြစ်သောကြောင့်.... အဓိပတိပစ္စည်းကိုရသည့်အခိုက်၌သာ အဓိပတိပစ္စယုပ္ပန်ဖြစ်

အဓိပတိပစ္စယာ......ဟူသော ပါဠိတ်ပါဌ်၏ အရကား။ အလေးအမြတ်ပြုတတ်သောမဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ၊ အလေးအမြတ်ပြုတတ်သောမဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအားတပ်သော အလေးအမြတ်ပြုအပ်သောအရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော ကုသိုလ် ဝိသအောက်ဖိုလ်သုံးခု နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ၊ မဂ်လေးခုအားတပ်သောနိဗ္ဗာန်ဟုဆိုအပ်သောဓမ္မာရုံပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ၊

သမ္ပယုတ္တက္ခန္ဓာအားတပ်သော (အဓိပတိပစ္စည်းကိုရသောအခါမဟာကုသိုလ်ရှစ်ခု, ကြွင်းရသောမဟာကုသိုလ်ကိုးခု, မဂ်လေးခု စေတနာတ်သ စိတ္တုဇနာတခုတခုနှင့်ယှဉ်သောအဓိပတိတရားကိုယ်သုံးပါး,လေးပါးတို့တွင် တပါးပါးပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိရ၏။) ထိုတွင်(လ)ခန္ဓာဝါရကား(၁၄)ဝါရဖြစ်သတည်း၊
(ဥဒ္ဓိအနုဝါဒထုတ်နည်းနယူပဒေသ၌ ညွှန်းပြအပ်သည့်အတိုင်း ကုသလပဒ-အဗျာကတပဒါဝသာန,ကုသလာဗျာကတပဒါဝသာန-စသည်တို့ကိုလည်း ဥဒ္ဓိ, အနုဝါဒပါဠိထုတ်တော်မူကြရာသည်၊ ဂန္ထဂရုအတိဘာယကြောင့် ချုံးအပ်လေပြီ။)

---

လေသည်၊ ထို့ကြောင့်...... အဓိပတိပစ္စည်းကိုရသောအခါ...... မဟာကုသိုလ်ရှစ်ခု .....ဟုမိန့်ဆိုရိုးပြုရပါသည်၊

မဟာဂ္ဂုတ်ကုသိုလ်ကိုးခု, မဂ်လေးခုတို့မှာ အဓိပတိပစ္စည်းကိုကြွင်းရသောကြောင့်.......ကြွင်းရသော မဟာဂ္ဂုတ်ကုသိုလ်ကိုးခု,မဂ်လေးခု ......ဟု မိန့်ဆိုရိုးပြုတော်မူရပါသည်၊

ယင်းနည်းအတူ......လောဘမူ, ဒေါသမူနှင့် မဟာကြိယာဇောတို့၌လည်း.....အဓိပတိပစ္စည်းကိုရသောအခါ......ဟု ဝိသေသန-မ-ရသည့် အဖြစ်ကိုရင်း......မဟာဂ္ဂုတ်ကြိယာ ဖိုလ်လေးခုတို့၌လည်း "ကြွင်းရသော" ဟုဝိသေသန-မ-ရသည့်အဖြစ်ကိုရင်း သတ်ချပ်တော်မူကြရသည်၊

မှန်ပါသည်။ ၊ကာမသာဓိပတိဇော (၂၆) ခုတို့သည် အဓိပတိပစ္စည်းအနေကန်ဖြစ်၍ အပ္ပနာဇောဆ သတို့မှာ အဓိပတိပစ္စည်းကြွင်းဖြစ်လေသည်၊

ကုသလေန အဗျာကတံ.....၌ အဗျာကတော ဓမ္မော-.... ဟူသော ကတ္တားပုဒ်၏ အရကား၊ ပစ္စဝေက္ခဏာရသုံး၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကြေနိရသောမဟာဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု စေ အဋ္ဌတိံသ အဓိပတိအပေါင်းနာမက္ခန္ဓာကိုစွဲ၍ ဖြစ်သောသာဓိပတိစိတ္တဇရုပ်ပစ္စုပ္ပန်တရားရ၏၊

ဟိတ်ပါဠိ၏ အရကား သာဓိပတိစိတ္တဇရုပ်အားတပ်သော ပစ္စဝေက္ခဏာရသုံး၌ ( ကွင်းအတွင်းယှဉ်ဆိုရိုးကိုသဟဇာတာဓိပတိသတ္တိရ၏....... တိုင်အောင်ဆက်၍ဆိုလေ။)
ခန္ဓာဝါရကား (၂၂၅)ဝါရဖြစ်သတည်း။

ကုသလေန ကုသလာဗျာကတံ.....၌ ကုသလော စ အဗျာကတော စ ဓမ္မာ ....ဟူသော ကတ္တားပုဒ်၏ အရကား၊ ပစ္စဝေက္ခဏာရသုံး၌အဓိပတိ ပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု, ကြေနိရသော မဟာဂ္ဂုတ်ကုသိုလ်ကိုးခု မဂ်လေးခုစေ အဋ္ဌတိံသ အဓိပတိအဓိပတိနာမက္ခန္ဓာကိုစွဲ၍ ဖြစ်သောအဓိပတိတရားကိုယ်ကြဉ်သော (အဓိပတိပစ္စည်းကိုရသောအခါ) မဟာကုသိုလ်ရှစ်ခု, ကြေနိရသောမဟာဂ္ဂုတ်ကုသိုလ်ကိုးခု,မဂ်လေးခု စေအဋ္ဌတိံသ အဓိပတိအဓိပတိနာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော သာဓိပတိစိတ္တဇရုပ်ပစ္စုပ္ပန်တရားရ၏၊

ဟိတ်ပါဠိ၏ အရကား။ (အာရမ္မဏာဓိပတိ,သဟဇာတာဓိပတိကောက်မြဲ) ခန္ဓာဝါရကား(၂၀၀)ဖြစ်သတည်း။

---

ဟိတ်ပါဠိအရအာရမ္မဏာဓိပတိသတ္တိရသင့်မရသင့်။

ပဋ္ဌာန်းအရကောက်ဆရာတော်ဘုရားကား။ အဓိပတိပစ္စယာ.....ဟူသောဟိတ်ပါဠိအရ၊ အာရမ္မဏာဓိပတိသတ္တိကိုလည်း ထည့်သွင်းအရကောက်ဆိုရိုးပြုတော်မူလေသည်၊

ပဋိစ္စဝါရ၌ အဓိပတိဝိဘင်္ဂဝါရဝယ် သဟဇာတာဓိပတိပစ္စယုပ္ပန်ကိုသာဟောသောကြောင့် ဟိတ်ပါဠိအရ အာရမ္မဏာဓိပတိသတ္တိကို ထည့်သွင်းဆိုရိုးပြုထားသည်ကိုအချို့ပညာဝန်တို့ကန့်ကွက်တော်မူကြပေ၊

ဆဝါရ၌ဟိတ်ပါဠိ၏ အရကား ပဋ္ဌာနမဟာတ်ပေ၊ ရသင့်သောပစ္စယသတ္တိတို့ကိုအပြည့်အစုံ အရကောက်သင့်သည်ဟု သဘောရတော်မူ၍

### အကုသလပဒ။

အကုသလေနအကုသလံ......၌ အကုသလောဓမ္မော......ကား။အဓိပတိပစ္စည်းကိုရသောအခါ လောဘမူစိတ်ရှစ်ခု,ဒေါသမူနှစ်၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်၊ အဓိပတ်အဓိပတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အဓိပတိ တရားကိုယ်ကြဉ်သော (အဓိပတိပစ္စည်းကိုရသောအခါ) လောဘမူစိတ်ရှစ်ခု, ဒေါသမူနှစ်၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် အဓိပတ်အဓိပတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဌ်၏အရကား၊ အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဇာဠဖြစ်သောနိမ္မာနရုပ်အဋ္ဌာရသ၊ ဒေါသမူနှစ်,မောဟမူနှစ် ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သောလောကီစိတ်ရှစ်ဆဲ့ခြောက်ခု,ဒေါသ,ဇာဿ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေ လေးဆဲ့ရှစ်ခု၊ ဤအာရုံခြောက်ပါးပစ္စည်းတရားတို့၏အာရမ္မဏသတ္တိ၊

သမ္ပယုတ္တက္ခန္ဓာအားတပ်သော (အဓိပတိပစ္စည်းကိုရသောအခါ၊ လောဘမူစိတ်ရှစ်ခု,ဒေါသမူနှစ်,ဝိစိကိစ္ဆာကြဉ်သောစေတသိက်တွက္ခဏာတခုတခု၌ယှဉ်သောအဓိပတိတရားကိုယ်သုံးပါးတို့တွင် တပါးပါးပစ္စည်းတရားတို့၏သဟဇာတာဓိပတိသတ္တိရ၏)

ခန္ဓာဝါရကား တဆဲ့လေးဝါရဖြစ်သတည်း၊

အကုသလေနအဗျာကတံ၌ အဗျာကတောဓမ္မော.....ကား။ ပဉ္စဝေါကာရဘုံ၌အဓိပတိပစ္စည်းကိုရသောအခါ၊ လောဘမူစိတ်ရှစ်ခု,ဒေါသမူနှစ်၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် အဓိပတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော သာဓိပတိစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဌ်အရကား။ သာဓိပတိစိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ၊ (သဟဇာတာဓိပတိသတ္တိဆိုမြဲ)

---

ပဋ္ဌာန်းအရကောက်ဆရာတော်ထည့်သွင်းအရကောက်တော်မှုဟန်လက္ခဏာယှဉ်ပေသည်။

---

#### အာရမ္မဏာဓိပတိသတ္တိဆိုရိုးတရားပုံနည်း။

အာရမ္မဏာဓိပတိသတ္တိဆိုရိုး၌တရားပုံနည်းမှာ– ကုသလပဒ၌ (က) မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးခု တပုံ (ခ) မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု တပုံ (ဂ) မဂ်လေးခု တပုံအားဖြင့် သုံးပုံပုံရာသည်။

အကုသလေနအကုသလာဗျာကတံ..... ၌ အကုသလောဝအဗျာက တောဝဓမ္မော..... ကတ္တားပုဒ်၏အရကား၊ ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ လောဘမူစိတ်ရှစ်ခု,ဒေါသမူဒွေ၊ ဝိစိကိစ္ဆာကြဉ် သောစေဆဗ္ဗီသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော၊ အဓိပတိတ ရားကိုယ်ကြဉ်သော လောဘမူစိတ်ရှစ်ခု, ဒေါသမူဒွေ၊ ဝိစိကိစ္ဆာကြဉ် သောစေဆဗ္ဗီသ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော သာ ဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရေ၏၊ [ပိတ်ပါ၌ကောက်မြီး] ခန္ဓာဝါရ ကား(၂၁၀)ဖြစ်သတည်း။

**အဗျာကတပဒ။**

အဗျာကတေနအဗျာကတံ......၌ပဝတ္တိအခါ အဗျာကတောဓမ္မော...... ကား၊ အဓိပတိပစ္စည်းကိုရသောအခါ မဟာကြိယာရှစ်ခု, ဈာန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု,ဖိုလ်လေးခု,စေအဋ္ဌတိံသအစိတ်အစိတ်နာမက္ခန္ဓာ ကိုစွဲ၍ဖြစ်သော အဓိပတိတရားကိုယ်ကြဉ်သော မဟာကြိယာရှစ်ခု, ဈာန်ရသောမဟဂ္ဂုတ်ကြိယာကိုးခု, ဖိုလ်လေးခု, စေအဋ္ဌတိံသ အစိတ် အစိတ်နာမက္ခန္ဓာ၊ထိုနာမက္ခန္ဓာပြုအပ်သော သာဓိပတိစိတ္တဇရုပ်ပစ္စယုပ္ပန် တရားခု၏ ။

---

ထိုတွင် (က) မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးခုသည် လောကီ ကုသိုလ်သတ္တရသကိုသာ အလေးအမြတ်အာရုံပြုသည်၊

(ခ)မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုသည်အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ,အောက်ဖိုလ်သုံးခု,နိဗ္ဗာန်ကို အလေးအမြတ်အာရုံပြုသည်။

(ဂ) မဂ်လေးခုသည်နိဗ္ဗာန်ကိုသာ အလေးအမြတ်အာရုံပြုသည်၊

[မှတ်ချက်။ ။အာရမ္မဏာဓိပတိပစ္စည်းပစ္စယုပ္ပန် တွဲပုံအကျယ်ကို ''ပဋ္ဌာနသာရဝိဘာဝနီပဌမတွဲ''၌ရှုစားတော်မူကြပါကုန်။]

အကုသလပဒ၌ လောဘမူစိတ်ရှစ်ခုတပုံသာရသည်၊ အဆိုပါလော ဘမူစိတ်ရှစ်ခုသည် အတိတ်အနာဂတ် ပစ္စုပ္ပန်အဇ္ဈတ္တဖြစ်သော နိပ္ဖန္နရုပ် အ ဋ္ဌာရသ၊ဒေါသမူ,မောဟမူ,ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သောလော ကီစိတ်ခုနစ်ဆဲ့ခြောက်ခု၊ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ ကြဉ်သော ၄၇ လေးဆဲ့ခုနစ်ခုတို့ကိုအလေးအမြတ်အာရုံပြုသည်။

ဟိတ်ပါဌ်၏အဓိပ္ပာယ်- အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခုအားတပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်။ ဖိုလ်လေးခုအားတပ်သော နိဗ္ဗာန် ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ၊

သမ္ပယုတ္တက္ခန္ဓာအားရင်း သမ္ပယုတ္တက္ခန္ဓာ သဟဇာဓိပတိဝိတ္တဇရုပ်အားရင်းတပ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကြိယာ၄စ်ခု၊ကြွင်းရသောမဟာဂ္ဂုတ်ကြိယာကိုးခု, ဖိုလ်လေးခု, စေအဋ္ဌတိ သဝိတ္တက္ခဏတခုခုတခုခုယှဉ်သောအဓိပတိတရားကိုယ် သုံးပါး,လေးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိရ၏၊ ခန္ဓာဝါရကား(၂၁၀)ဖြစ်သတည်း၊

---

အဗျာကတပဒ၌(က)မဟာကြိယာဉာဏသမ္ပယုတ်လေးခုတပုံ (ခ) ဖိုလ်လေးခုတပုံအားဖြင့် နှစ်ပုံ ပုံရာသည်။ ထိုတွင်–

(က) မဟာကြိယာဉာဏသမ္ပယုတ်လေးခုသည် အရဟတ္တမဂ်,အရဟတ္တဖိုလ်,နိဗ္ဗာန်ကို အလေးအမြတ်အာရုံသည်၊

(ခ) ဖိုလ်လေးခုသည် နိဗ္ဗာန်ကိုအလေးအမြတ်အာရုံပြုသည်၊ ဤသို့ တရားပုံနည်းနှင့် ဆိုင်ရာပစ္စယပ္ပန်တရားတို့ကို ခွဲခြားဝေဘန်သိယှိထားပါက၊ အာရမ္မဏာဓိပတိသတ္တိဆိုရိုးကို လွယ်လင့်တကူဆိုရိုးပြုနိုင်ပေရာသည်၊

---

## ဝိပါကာဗျာကတံ–အရေသွန်းပြခြင်း။

(မေး) အဓိပတိပစ္စယဝိဘင်္ဂပါဠိ အဗျာကတေနအဗျာကတံ..... ၌ ဝိပါကာဗျာကတံ.....ဟူသောပါဌ်အရ၊အဘယ်ဝိပါက်ကိုယူရမည်နည်း၊

(ဖြေ) လောကုတ္တရာဝိပါက်ကိုသာယူရပါမည်။

> အဓိပတိပစ္စယေဝိပါကာဗျာကတန္တိ လောကုတ္တရဝိပါကမေဝ သန္ဓာယဝုတ္တံ
>
> ပဋ္ဌာန်းအဋ္ဌကထာ (၃၅၅-၂)

အဓိပတိပစ္စယေ၊အဓိပတိပစ္စည်း၌၊ လောကုတ္တရဝိပါကမေဝ၊လောကုတ္တရာဝိပါက်ကိုသာလျှင်၊သန္ဓာယ၊ရည်၍၊ ဝိပါကာဗျာကတန္တိ၊ဝိပါကာဗျာကတံ......ဟူ၍၊ ဝုတ္တံ၊မိန့်ဆိုတော်မူအပ်၏၊

ရုပ်သက်သက်၌အဗျာကတော ဓမ္မော..... ကား။ ပဉ္စဝေါကာရဘုံ၌အဓိပတိကိုရသောအခါ သာဓိပတိကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သာဓိပတိစိတ္တဇမဟာဘုတ်နှင့်တကွသော သာဓိပတိစိတ္တဇဥပါဒါရုပ် ပစ္စယုပ္ပန်တရားချည်း၊

ဟိတ်ပါဠိ၏ အရကား သာဓိပတိစိတ္တဇရုပ်အားတင်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ သာဓိပတိကုသိုလ်,အကုသိုလ် ဝိပါက်,ကြိယာ၌ဖြစ်သော အဓိပတိတရားကိုယ်သုံးပါး,လေးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိရ၏၊ ခန္ဓာဝါရကား(၁၅)ဝါရဖြစ်သတည်း၊

---

(မေး) အဘယ်လောကုတ္တရာဝိပါက်ကိုရည်၍ မိန့်ဆိုတော်မူအပ်ပါသနည်း၊ လောကုတ္တရာဝိပါက်လေးပါးလုံးကိုရည်၍ မိန့်ဆိုတော်မူပါသလော။

(ဖြေ) အရဟတ္တဖိုလ်တည်းဟူသောလောကုတ္တရာဝိပါက်ကိုရည်၍ မိန့်ဆိုတော်မူအပ်ပါသည်။

---

### အဓိပတိပစ္စည်းကိုပဋိသန္ဓေအခါ၌ရသင့်မရသင့်၊

(မေး) အဓိပတိပစ္စည်းကိုပဋိသန္ဓေအခါ၌ ရသင့်, မရသင့်ဆုံးဖြတ်ခဲ့ပါ၊

(ဖြေ) ဝိပါကာဗျာကတံ.....အရ လောကုတ္တရာဝိပါက်ကိုသာ ယူအပ်လေရကား၊ အဆိုပါလောကုတ္တရာဝိပါက်သည် ပဋိသန္ဓေအခါ၌ မဖြစ် ပဝတ္တိအခါသက်သက်၌ဖြစ်သောကြောင့် အဓိပတိပစ္စည်းကို ပဋိသန္ဓေအခါ၌မရအပ်ပါ။

#### တေနေဝေတ္ထပဋိသန္ဓိက္ခဏေတိနဂဟိတံ။

ပဋ္ဌာန်းအဋ္ဌကထာ [၃၅၅-၂]

တေနေဝ၊ ထိုလောကုတ္တရာဝိပါက်ကိုရည်၍..... မိန့်ဆိုဟောကြားတော်မူအပ်လေသောကြောင့်သာလျှင်၊ ဧတ္ထ၊ ဤအဓိပတိပစ္စည်း၌(ဝါ)အဗျာကတေနအဗျာကတံ.....ဟူသောပုဒ်၌၊ ပဋိသန္ဓိက္ခဏေတိ၊ ပဋိသန္ဓိက္ခဏေ.....ဟူ၍၊ နဂဟိတံ၊ မယူအပ်ပေ၊

### ကုသလာဗျာကတပဒ။

ကုသလာဗျာကတေနအဗျာကတံ......၌ အဗျာကတောဓမ္မော......ကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု, ဧကန်ရသောမဟဂ္ဂုတ်ကုသိုလ်ကိုးခု, မဂ်လေးခု စေအဋ္ဌတိံသအစိတ်အပေါင်းနာမက္ခန္ဓာ မဟာဘုတ်ကိုစွဲ၍ဖြစ်သော သာဓိပတိစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ (ပါဠိပါဌ်အရကို ကုသလေနအဗျာကတံ .... နှင့် အတူဆို) ခန္ဓာဝါရကား(၂၂၅)ဝါရဖြစ်သတည်း။

### အကုသလာဗျာကတပဒ။

အကုသလာဗျာကတေနအဗျာကတံ......၌ အဗျာကတောဓမ္မော...... ကား၊ပဉ္စဝေါကာရဘုံ၌အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု, ဒေါသမူနှစ်၊ဝိစိကိစ္ဆာကြဉ်သော စေဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာ မဟာဘုတ်ကိုစွဲ၍ဖြစ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ( ပါဠိပါဌ်အရကို အကုသလေနအဗျာကတံ..... နှင့် အတူဆိုလေ။ )

အဓိပတိပြီး၏။

---

### ရသင့်သောဝိဿဇ္ဇနာ။

(မေး) ပဋိစ္စဝါရအဓိပတိပစ္စည်း၌ ရသင့်သောဝိဿဇ္ဇနာပေါင်း မည်မျှရှိပါသနည်း။

(ဖြေ) ပဋိစ္စဝါရအဓိပတိပစ္စည်း၌ ရသင့်သောဝိဿဇ္ဇနာပေါင်း (၉) ပါးရှိပါသည်။

### ဝိဿဇ္ဇနာ(၉)ပါးရသောပစ္စည်းများ။

(မေး) ပဋိစ္စဝါရ၌ ဝိဿဇ္ဇနာ(၉)ချက်ရသောပစ္စည်းများကို သရုပ်ထုတ်၍ရေတွက်ပြပါ။

(ဖြေ) (၁)ဟေတု(၂)အဓိပတိ(၃)သဟဇာတ(၄)နိဿယ (၅)ကမ္မ (၆)အာဟာရ(၇)ဣန္ဒြိယ (၈)ဈာန (၉)မဂ္ဂ (၁၀)ဝိပ္ပယုတ္တ (၁၁)အတ္ထိ (၁၂)အဝိဂတအားဖြင့်(၁၂)ပစ္စည်းရှိပါသည်။

(က) ပဋိစ္စမှာ၊ ကိုးသချာ၊ ထွက်ပါဠိဒေသ၊
(ခ) ဟေ,ဓိ,သ,နိ၊ ကံ,အာ,ဣ၊ မှတ်သိ,ဈာ,မဂ္ဂ၊
(ဂ) ဝိပ်,အ-နှစ်ဖြာ၊ ဥဒ္ဒေသာ၊ သချာနောဟုပြ၊

အဓိပတိဝိဘင်္ဂဝါရအဖွင့်ပြီး၏။

## အနန္တရပစ္စည်းကုသလသဒ္ဒ။

အနန္တရေန- ကုသလေနကုသလံ......၌ ကုသလော ဓမ္မော .....ဟူသော ကဏ္ဍာ:ပုဒ်၏ အရကား။ (အာရမ္မဏအတိုင်းဆို)

အနန္တရပစ္စယော ......ဟူသော ပါဠိပါဌ်၏ အရကား၊ နောက်နောက်သော ကုသိုလ်ဇောစိတ်အားတပ်သော ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်း၊ အဆုံးဖော်ကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။

### တနည်းကား။

မဟာကုသိုလ်ပဌမဇောအားတပ်သော ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်း၊ ဒုတိယဇောအားတပ်သောပဌမဇော(လ)သတ္တမဇောအားတပ်သောဆဋ္ဌဇော၊ မဟာဂ္ဂုတ်ကုသိုလ်သောမနဿသဟဂုတ်လေးခု, မဂ်သောမနဿသဟဂုတ်တဆဲ့ခြောက်ခုအားတပ်သော ဂေါတြဘု, ဝေါဒါန်ကိစ္စတပ်သောမဟာကုသိုလ်ပဌမဇွေး၊မဟာဂ္ဂုတ်ကုသိုလ်ဥပေက္ခာသဟဂုတ်ငါးခု, မဂ်ဥပေက္ခာ သဟဂုတ်လေးခုအားတပ်သော ဂေါတြဘု, ဝေါဒါန်ကိစ္စတပ်သောမဟာကုသိုလ်တတိယဇွေး၊ သမာပတ္တိဝီထိ၌ နောက်နောက်သောမဟာဂ္ဂုတ်ကုသိုလ်အားတပ်သော ရှေးရှေးသောဇောတူမဟာဂ္ဂုတ်ကုသိုလ်ပစ္စည်းတရားတို့၏ အနန္တရသတ္တိခ၏၊ ခန္ဓာဝါရကား(၁၄)ဝါရဖြစ်သတည်း၊

---

### အနန္တရပစ္စယပုဒ်။

အလုံးစုံသောစိတ်တခုသုတ်ကိုးဆယ့်,စေတသိက်နှစ်ပညာသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။

### အာရမ္မဏအတိုင်းဆိုပုံ။

ကုသလေနကုသလံ.....၌ ကုသလောဓမ္မော... ...ဟူသော ကဏ္ဍာ:ပုဒ်အရကို အာရမ္မဏအတိုင်းဆိုရန်အရကောက်ဆရာတော်ညွှန်ကြားတော်မူရာ အာရမ္မဏအတိုင်းဆိုပုံမှာ-

ကုသလောဓမ္မော ......ဟူသောပုဒ်၏ အရကား၊ ကုသိုလ်ဇောစိတ် စေတသိက်အဘိတ်သအဘိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သောကုသိုလ်ဇောစိတ် စေတသိက်သအဘိတ်အဘိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားခု၏၊

## အကုသလပဒ။

အကုသလေနအကုသလံ.......၌ အကုသလောဓမ္မော...... ဟူသော ကဏ္ဍားပုဒ်၏ အရကား၊ (အာရမ္မဏအတိုင်းကောက်)

အနန္တရပစ္စယာဟိတ်ပါဠ်၏အရကား၊အကုသိုလ်ဒွါဒသပဌမဇောအား တပ်သောပုဗ္ဗော,မနောဒွါရာဝဇ္ဇန်း၊ဒုတိယဇောအားတပ်သောပဌမဇော (လ)သတ္တမဇောအားတပ်သော ဆဋ္ဌဇောပစ္စည်းတရားတို့၏ အနန္တရ သတ္တိရ၏၊ခန္ဓာဝါရကား(၁၄)ဝါရဖြစ်သတည်း။

## အဗျာကတပဒ။

အဗျာကတေနအဗျာကတံ......၌ ပဝတ္တိအခါ(အဗျာကတောဒကောက်မြဲ) အနန္တရပစ္စယာ ဟိတ်ပါဠ်၏အရကား၊ နောက်နောက်သောဝိပါက်ကြိယာနာမက္ခန္ဓာအားတပ်သော အကုသိုလ်ဒွါဒသ,ကုသိုလ်ဇကာဝိသ အဆုံး ဇော၊ရဟန္တာတို့ရတိကြဉ်သော ရှေးရှေးသောဝိပါက်ကြိယာနာမက္ခန္ဓာ ပစ္စည်းတရားတို့၏အနန္တရသတ္တိရ၏၊

---

## အာရမ္မဏအတိုင်းဆိုသောပစ္စည်းများ။

(မေး) ကုသလေနကုသလံ...... ၌ ကုသလောဓမ္မော..... ဟူသော ကဏ္ဍားပုဒ်အရ၊ အာရမ္မဏအတိုင်း ဆိုရသောပစ္စည်းများကား အဘယ် နည်း၊

(ဖြေ) အနန္တရ,သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပ နိဿယ,အာဟာရ,ဣန္ဒြိယ,ဈာန,မဂ္ဂ,သမ္ပယုတ္တ,အတ္ထိ,နတ္ထိ,ဝိဂတ, အဝိဂ တအားဖြင့်(၁၅)ပစ္စည်းဖြစ်ပါသည်။

ထို့အတူအကုသလေနအကုသလံ .... ၌ကဏ္ဍားပုဒ်အရလည်း အလုံးစုံ အာရမ္မဏပစ္စည်းအတိုင်းဆိုနိုင်ရလေသည်၊

ထို့ကြောင့်- ထို(၁၅)ပစ္စည်းတို့၏ ကုသလောဓမ္မော အကုသလော ဓမ္မော.......ကဏ္ဍားပုဒ်အရကိုအာရမ္မဏပစ္စည်းအတိုင်းဆိုနိုင်ရလေသော ကြောင့် ကုသိုလ် အကုသိုလ် ကဏ္ဍားပါဠ်ဆိုနိုင်းကိုပြဆိုခြင်းမပြုပဲ၊အရ ကောက်ထူးခြားသောဟိတ်ပါဠ်၏ အရကိုသာထုတ်ဆောင်ပေါ်ပြမည် ဖြစ်ပေသတည်း၊

## တနည်းကား။

ပဌမဘဝင်နာမက္ခန္ဓာအားတင်သောပဋိသန္ဓေနာမက္ခန္ဓာ၊ ဒုတိယအာစသိုသောနောက်နောက်သောဘဝင်နာမက္ခန္ဓာအားတင်သော ပဌမအာစယ်သိုသောရှေးရှေးသောဘဝင်နာမက္ခန္ဓာ၊

. အာဝဇ္ဇန်းနွေးအားတင်သောပဉ္စဝေါကာရဘဝဂုံပဋိသန္ဓေဒတဆဲ့ငါးခု၊ မနောဒွါရာဝဇ္ဇန်းအားတင်သောအရူပဘဝဂုံပဋိသန္ဓေဒသလေးခု၊ (ပဉ္စဒွါရာဝဇ္ဇန်းအားတင်သောပဉ္စဒွါရာဝဇ္ဇန်း၊သမ္ပဋိစ္ဆိုင်းအားတင်သောပဉ္စဝိညာဉ်၊သန္တီရဏအားတင်သောသမ္ပဋိစ္ဆိုင်း၊ ဝုဋ္ဌောအားတင်သောသန္တီရဏ၊ ပရိတ္တာရုံဝိထိဖြစ်အံ့၊ဒုတိယဇောအားတင်သောပဌမဇော၊ တတိယဇောအားတင်သောဒုတိယဇော၊

အတိမဟန္တာရုံ,မဟန္တာရုံ,ဝိဘူတာရုံ,အဝိဘူတာရုံဝိထိဖြစ်အံ့) တဒါရုံမှ မဟာကြိယာပဌမဇောအားတင်သောဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်း၊ ဒုတိယဇောအားတင်သောပဌမဇော(လ) သတ္တမဇောအားတင်သောဆဋ္ဌဇော၊

လောဘမူ မောဟမူ မဟာကုသိုလ်ဇောနောင်တဒါရုံကျသည်ဖြစ်အံ့၊ တဒါရုံအကာဒသ၊မကျသည်ဖြစ်အံ့၊ဘဝင်ကျေနပ်သအားတင်သောလောဘမူ, မောဟမူ,မဟာကုသိုလ်အဆုံးဇော၊

ဒေါသမူဇောနောင်တဒါရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာတဒါရုံခြောက်ခု မကျသည်ဖြစ်အံ့၊ကာမဥပေက္ခာဘဝင်ခြောက်ခုအားတင်သောဒေါသမူ အဆုံးဇော။

ဟသိတုပ္ပါဒ်ဇောနောင်တဒါရုံကျသည်ဖြစ်အံ့၊ သောမနဿတဒါရုံငါးခု,မကျသည်ဖြစ်အံ့၊ ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု အားတင်သော ဟသိတုပ္ပါဒ်အဆုံးဇော။

မဟာကြိယာသောမနဿသဟဂုတ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ သောမနဿတဒါရုံငါးခု,မကျသည်ဖြစ်အံ့၊ တိဟိတ်ဘဝင်တရသအားတင်သောမဟာကြိယာသောမနဿသဟဂုတ်အဆုံးဇော။

---

## ဆိုရိုးကျန်ခြင်း။

ပဋိစ္စဝါရ-အနန္တရဝိဘင်-အဗျာကတေနအဗျာကတံ-ဟိတ်ပါဠ်ဆိုရိုး၌ ကွင်းအတွင်းယှိ စာသားများကျန်နေရာ ထည့်သွင်း ဆိုရိုးပြုသင့်ပေသည်၊

မဟာကြိယာဥပေက္ခာသဟဂုတ်ဇောနောင်တဒါရုံကျသည်ဖြစ်အံ့။ ဥပေက္ခာတဒါရုံခြောက်ရ, မကျသည်ဖြစ်အံ့၊ တိဟိတ်ဘဝင်တေရသအား တပ်သောမဟာကြိယာဥပေက္ခာသဟဂုတ်အဆုံးဇော၊

ဒုတိယတဒါရုံအားတပ်သော ပဌမတဒါရုံ၊ ကာမဘဝင်တဆယ်အား တပ်သောဒုတိယတဒါရုံ၊

အောက်ဖိုလ်သောမနဿသဟဂုတ်တဆဲ့နှစ်ခုအားတပ်သောအနုလုံကိစ္စတပ်သောမဟာကုသိုလ်ပဌမနွေ။ အောက်ဖိုလ်ဥပေက္ခာ သဟဂုတ်သုံးခုအားတပ်သော အနုလုံကိစ္စတပ်သောမဟာကုသိုလ် တတိယနွေ၊

မဟာဂ္ဂုတ်ကြိယာသောမနဿသဟဂုတ်လေးခု, အရဟတ္တဖိုလ်သော မနဿသဟဂုတ်လေးခုအားတပ်သော ဂေါတြဘုအနုလုံကိစ္စတပ်သော မဟာကြိယာပဌမနွေ၊ မဟာဂ္ဂုတ်ကြိယာဥပေက္ခာသဟဂုတ်ငါးခု, အရဟတ္တဖိုလ်ဥပေက္ခာသဟဂုတ်တခုအားတပ်သောဂေါတြဘု, အနုလုံကိစ္စတပ်သောမဟာကြိယာတတိယနွေ၊

သမာပတ္တိနဝိထိ၌၊ နောက်နောက်သော မဟဂ္ဂုတ်ကြိယာအားတပ်သောရှေးရှေးသောဇောတည့်မဟဂ္ဂုတ်ကြိယာ၊

ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခုအားတပ်သော ရူပါဝစရကုသိုလ်ကြိယာအဆုံးဇော၊

ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု, အာကာသာနဉ္စာယတန ဘဝင်အားတပ်သောအာကာသာနဉ္စာယတနကုသိုလ်ကြိယာအဆုံးဇော။

---

### အနန္တရပစ္စယနိဒ္ဒေသကိုနည်းမှီဆိုရိုးပြခြင်း။

ပြဆိုအပ်ခဲ့ပြီးသော ''အနန္တရပစ္စယာ''ဟိတ်ပါဌ်၏ အရ၏ ဆိုရိုးမှာ အနန္တရပစ္စယနိဒ္ဒေသ ကဏ္ဍားပါဌ်ဆိုရိုးကို ကြေပြွန်ပါက တစုံတရာအခက်အခဲမယှိပေ။

အထူးမှာ– အနန္တရပစ္စသာဟိတ်ပါဌ်၏ ဆိုရိုး၌ ကုသိုလ်အကုသိုလ် အဗျာကတအနန္တရသတ္တိဘိဂိုသထာရဟာပေါင်း၍ ဆိုရိုးပြုထားသည်ကို အထူးသတိချပ်ရာသည်၊

ပဥ္စဝေါကာရတိဟိတ်ဘဝင်ကိုး၍, အာကာသာနဉ္စာယတန ဘဝင်, ဝိညာဏဉ္စာယတနဘဝင်အားတပ်သော ဝိညာဏဉ္စာယတနကုသိုလ်ကြိယာအဆုံးဇော၊

ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုး၍, အာကာသာနဉ္စာယတန ဘဝင်, ဝိညာဏဉ္စာယတနဘဝင် အာကိဉ္စညာယတနဘဝင်အားတပ်သော အာကိဉ္စညာယတနကုသိုလ်ကြိယာအဆုံးဇော၊

တိဟိတ်ဘဝင်တေရသ,နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်,အရဟတ္တဖိုလ်အားတပ်သော နေဝသညာနာသညာယတန ကုသိုလ်ကြိယာအဆုံးဇော၊

သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ်(လ)အရဟတ္တဖိုလ်အားတပ်သောအရဟတ္တမဂ်၊

တိဟိတ်ဘဝင်တေရသအားတပ်သောဖိုလ်လေးခုအဆုံးဇော။

မခုဏာသန္နအခါ၊ တဒါရုံနောင်ရုတ်ကျသည်ဖြစ်အံ့၊ ကာမရုတ် တဆယ်အားတပ်သောဒုတိယတဒါရုံ။

ဇောနောင်ရုတ်ကျသည်ဖြစ်အံ့၊ ရုတ်စိတ်ကျေနပ်သအားတပ်သော ပဌမဇော၊ဘဝင်နောင်ရုတ်ကျသည်ဖြစ်အံ့၊ ရုတ်ကျေနပ်သအားတပ်သော ဘဝင်ကျေနပ်သပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။ ခန္ဓာဝါရကား တဆယ့်လေးဝါရဖြစ်သတည်း၊

ပမိုသန္ဓေအခါ အဗျာကတောဓမ္မော ....ကား (အာရမ္မဏအတိုင်း ဝိဘင်းအရကောက်တူ၏။)

ဟိတ်ပါဌ်၏အရကား၊ ပဋိသန္ဓေကျေနပ်သအားတပ်သောရုတ်ကျေနပ်သ ပစ္စည်းတရားတို့၏အနန္တရသတ္တိရ၏။

(တနည်းကား)

ကာမပဋိသန္ဓေတဆယ်အားတပ်သောဒွိဟိတ်,အဟိတ်ရုတ်၊ပဋိသန္ဓေ စိတ်ကျေနပ်သအားတပ်သော ကာမတိဟိတ်ရုတ်လေးခု၊

---

## ရသင့်သောဝိသဇ္ဇနာ။

(မေး) အနန္တရပစ္စည်း၌ ဝိသဇ္ဇနာပေါင်း မည်မျှရအပ်ပါသနည်း၊

(ဖြေ) အနန္တရပစ္စည်း၌ အာရမ္မဏပစ္စည်းကဲ့သို့ပင် ဝိသဇ္ဇနာပေါင်း (၃)ပါးရအပ်ပါသည်။

သဟိတ်ပဋိသန္ဓေသတ္တဝါအားတပ်သောရူပါဝစရဝိပါက်ငါးချ၊

ကာမတိဟိတ်ပဋိသန္ဓေလေးချ၊ အရူပ ပဋိသန္ဓေလေးချ်အားတပ်သော အာကာသာနဉ္စာယတနဝိပါက်။

ကာမတိဟိတ်ပဋိသန္ဓေလေးချ၊ ဝိညာ၊အာကိ၊နေဝသညာနာသညာ ယတနပဋိသန္ဓေအားတပ်သောဝိညာဏဉ္စာယတနဝိပါက်၊

ကာမတိဟိတ်ပဋိသန္ဓေလေးချ၊အာကိ၊နေဝသညာနာသညာယတန ပဋိသန္ဓေအားတပ်သော အာကိဉ္စညာယတနဝိပါက်၊

ကာမတိဟိတ်ပဋိသန္ဓေလေးချ၊ နေဝသညာနာသညာယတနပဋိသန္ဓေ အားတပ်သော နေဝသညာနာသညာယတနဝိပါက် ပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏၊ ခန္ဓာဝါရကား နှစ်ဆဲ့ကိုးဝါရ၊ ။အနန္တရပြီး၏၊ သမနန္တရသည် အနန္တရနှင့်တူ၏၊

---

မှန်ပါသည်၊ အနန္တရပစ္စည်း၌ ရုပ်ကိုလုံးဝမရ။ နာမ်သက်သက်သာ ဖြစ်ပေသည်၊ထို့ကြောင့်ဝိသဇ္ဇနာ(၃)ပါးသာရအပ်ပါသည်၊

အနန္တရ သမနန္တရေသုပိ ရူပံ နလဗ္ဘတီတိ အာရမ္မဏပစ္စယေ ဝိယ တိဿော ဝ ပုစ္ဆာ။
ပဋ္ဌာန်းအဋ္ဌကထာ(၃၅၅-၄)

အနန္တရသမနန္တရေသုပိ၊အနန္တရ၊သမနန္တရပစ္စည်းတို့၌လည်း။ ရူပံ၊ ရုပ်ကို။နလဗ္ဘတိ၊မရအပ်၊ ဣတိတသ္မာ၊ထို့ကြောင့်၊ အာရမ္မဏပစ္စယေဝိယ၊အာရမ္မဏပစ္စည်း၌ကဲ့သို့၊တိဿောဝ၊သုံးပါးသာလျှင် ဖြစ်ကုန်သော၊ ပုစ္ဆာ၊ပုစ္ဆာတို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏၊

(မှတ်ချက်။ ။ပုစ္ဆာပုဗ္ဗကာပါဠိဝိသဇ္ဇနာ ..... ဟူသော ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့်အညီ။ ဝိသဇ္ဇနာတို့မည်သည် ပုစ္ဆာသာလျှင်ရှေ့သွားရှိသောကြောင့် ပုစ္ဆာသုံးပါးတို့ကိုရအပ်ပါလျှင် ဝိသဇ္ဇနာတို့ကိုလည်းသုံးပါးသာရအပ်ပေသည်၊)

---

## ဝိသဇ္ဇနာ(၃)ပါးရသောပစ္စည်းများ။

(မေး) ပဋိစ္စဝါရ၌ဝိသဇ္ဇနာ (၃)ပါးသာရအပ်သော ပစ္စည်းပေါင်း မည်မျှရှိပါသနည်း၊သရုပ်ထုတ်၍ ဖြေဆိုခဲ့ပါ။

**သဟဇာတပစ္စည်း။**

(ကုသလပဒ(၃)ချက်။အကုသလပဒ(၃)ချက်။ အဗျာကတပဒ ပဝတ္တိ၂၉သန္ဓေ၁၉, အနုဝါဒထုတ်ပုံနှင့် ကုသလာဗျာကတပဒ,အကုသလာဗျာကတပဒ ဝိဓိအနုဝါဒထုတ်ပုံသည်ဟေတုပစ္စည်းအတိုင်းဖြစ်သည်။ရင်းမှထူးသောဝိဓိအနုဝါဒတို့ကိုသာထုတ်ပြပေအံ့)

**ဟေတုမှထူးသောအနုဝါဒ။**

(က) ဗာဟိရံကြေံမဟာဘူတ်ပဋိစ္စတယောမဟာဘူတာ၊ တယော မဟာဘူတေပဋိစ္စကြေံမဟာဘူတံ၊ ဒွေမဟာဘူတေပဋိစ္စဒွေမဟာဘူတာ၊မဟာဘူတေပဋိစ္စဥပါဒါရူပံ၊

(ခ) အာဟာရသမုဋ္ဌာနံကြေံမဟာဘူတံ(လ)ပဋိစ္စဥပါဒါရူပံ၊

(ဂ) ဥတုသမုဋ္ဌာနံကြေံမဟာဘူတံ(လ)ပဋိစ္စဥပါဒါရူပံ။

(ဃ) အသညသတ္တာနံကြေံမဟာဘူတံ(လ)ပဋိစ္စကဋတ္တာရူပံ ဥပါဒါ ရူပံ၊

**ကုသလပဒ။**

သဟဇာတ၌ ကုသလံ့ဖလနကုသလံ၌ (ကတ္တားပုဒ်အရကောက်မြဲ)သဟဇာတပစ္စယာ ဟိတ်ပါဌ်၏ အရကား။အချင်းချင်းအားတင်သောကုသိုလ်ကြေ ဝိသ,စေအဋ္ဌာဘိ သ၊ အစိတ်အစိတ်နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ ခန္ဓာဝါရတဆဲ့လေး၊

ကုသလေနအဗျာကတ်၌၊အဗျာကတောခမ္မောကတ္တားပုဒ်အရ(ဟေတုက အတိုင်းကောက်)

ဟိတ်ပါဌ်၏ အရကား။ ဝိတ္တဇရုပ်အားတင်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ၊ကုသိုလ်ကြေဝိသ,စေအဋ္ဌတိ သအစိတ်အပေါင်းနာမက္ခန္ဓာ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားတင်သော မဟာဘုတ် လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏၊ ခန္ဓာဝါရကား၊နှစ်ခု့နှစ်ဆဲ့ငါးဝါရ၊

---

(ဖြေ) (၁) အာရမ္မဏ (၂) အနန္တရ (၃) သမနန္တရ (၄)အညမည (၅) ဥပနိဿယ (၆) ပုရေဇာတ (၇) အာသေဝန (၈) သမ္ပယုတ္တ (၉) နတ္ထိ (၁၀) ဝိဂတ,အားဖြင့် (၁၀)ပစ္စည်းယှဉ်ပါသည်၊

(က) ပဋိစ္စမှာ၊တိ သန်ျာ၊ထွက်ပါပေါင်းဒသ၊

(ဂ) အာ,နန်,နန်,အ၊ဥပ,ပုရေ၊အာသေ,သံ-နတ်၊ ဝိ-ဆယ်ရပ်၊မှတ်လေ တီဆိပြ၊ ၊

အနန္တရဝိဘင်္ဂါရအဖွင့်ပြီး၏။

ကုသလေနကုသလာဗျာကတံ ..... ၌ကတ္တားပုဒ်၏ အရ (ဟေတုပစ္စည်းအတိုင်းကောက်လေ။)

ဟိတ်ပါဌ်၏ အရကား၊ အချင်းချင်းနာမက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သောပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဇောဝီသ, စေအဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း ဥပါဒါရုပ်အားရင်း တပ်သောမဟာ ဘုတ်လေးပါးပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏၊ ခန္ဓာဝါရ(၂၁၀)ဖြစ်သတည်း။

အကုသလပဒ။

အကုသလေနအကုသလံ...... ၌ ကတ္တားပုဒ်အရ(အာရမ္မဏအတိုင်းကောက်)

ဟိတ်ပါဌ်၏ အရကား၊ အချင်းချင်းအားတပ်သောအကုသိုလ်ဒွါဒသ, စေသတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏၊ခန္ဓာဝါရ(၁၄)ဝါရဖြစ်သတည်း။

အကုသလေနအဗျာကတံ ..... ၌ ကတ္တားပါဌ်အရကောက်မြဲ။

ဟိတ်ပါဌ်၏ အရကားစိတ္တဇရုပ်အားတပ်သောပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ, စေသတ္တဝီသ အစိတ်အပေါင်းနာမက္ခန္ဓာ အချင်းချင်းအားရင်း ဥပါဒါရုပ်အားရင်းတပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏၊ ခန္ဓာဝါရ(၂၂၅)ဝါရ။

အကုသလေနအဗျာကတံ...... ၌ကတ္တားပုဒ်၏ အရကား၊ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါအကုသိုလ်ဒွါဒသ,စေသတ္တဝီသအစိတ်အစိတ်နာမက္ခန္ဓာ ကိုစွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသ,စေသတ္တဝီသအစိတ်အစိတ်နာမက္ခန္ဓာ ထိုနာမက္ခန္ဓာပြုအပ်သောစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏၊ ခန္ဓာဝါရ(၂၁၀)

---

သဟဇာတပစ္စယုပ္ပန်။

အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်,ဗာဟိရရုပ်,အာဟာရဇရုပ်,ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏၊

### အဇ္ဈတ္တပဒ။

အဇ္ဈာကတေနအဇ္ဈာကတံ၌၊ အဇ္ဈာကတသည် ပဝတ္တိ,ပဋိသန္ဓေရုပ် သက်သက်အားဖြင့်သုံးပါးအပြားရှိ၏၊ ထိုတွင် ပဝတ္တိအခါ အဇ္ဈာက တောဇမွော ကတ္တားပုဒ်၏အရကား၊ ဝိပါက်ဆတ္တိ သ,ကြိယာဝိသ,စေ အဋ္ဌတိံသ အပိတ်အပိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ဝိပါက်ဆတ္တိံသ, ကြိယာဝိသ,စေအဋ္ဌတိံသ အပိတ်အပိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ် သောစိတ္တဇရုပ်ပဋ္ဌာယပုဒ်တရားရ၏၊

ဟိတ်ပါဌ်၏ အရကား။ အချင်းချင်းအားရင်း။ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားရင်းတပ်သော ဝိပါက်ဆတ္တိံသ,ကြိယာဝိသ,စေအဋ္ဌတိံသ အပိတ်အပိတ်နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ် သော မဟာဘုတ်လေးပါးပစ္စည်းတရား တို့၏သဟဇာတ သတ္တိရ၏၊ ခန္ဓာ၀ါရနှစ်ရှေ့တဆယ်၊

(မှတ်ချက်။ ။သုံးချက်ဇုဆိုရိုးနှင့်မတူ၊ပဋ္ဌာန်းအကောက်ဆရာတော်ချုံး၍၊သချုံ၀ါ ရဉ္ဇပြဆိုအပ်သောသဟဇာတပစ္စယုပ္ပန်ဆိုရိုးတည်း။ နောက်နောက်ပစ္စယုပ္ပန်ဆိုရိုးတို့ကို လည်း ယင်းနည်းအတူပင်မှတ်လေ)

### ဗာဟိရရုပ်မည်ခြင်းအကြောင်း။

(မေး) အဘယ်ရုပ်ကို''ဗာဟိရရုပ်''ဟုခေါ်ပါသနည်း၊

(ဖြေ) မြေကျောက်စသည်တို့၌ဖြစ်သော အနိန္ဒြိယဗဒ္ဓရုပ်ကို ဗာဟိ ရရုပ်ဟုခေါ်ပါသည်၊

**ဗာဟိရန္တိ စေတနအနိန္ဒြိယဗဒ္ဓရူပံဒသေတိ၊**

**ပဋ္ဌာန်းမူလဋီကာ [၁၅၇-၂]**

ဗာဟိရန္တိ စေတန၊ ဗာဟိရံ-ဟူသောဤပါဌ်ဖြင့်၊ အနိန္ဒြိယဗဒ္ဓရူပံ၊ စက္ခုအစရှိသော ဣန္ဒြေနှင့်မစပ်သော မြေ, ကျောက်-စသည်တို့၌ဖြစ် သောရုပ်ကို၊ဒသေတိ၊ပြ၏၊

### မဟာဘုတ်ချင်းထူးပုံ။

(မေး) ပစ္စယနိဒ္ဒေသ၌ဟောတော်မူအပ်သော......ဧကံ့ မဟာဘူ တံ ... ဟူသောပါဌ်၌လာသော မဟာဘုတ်နှင့် ..... ဗာဟိရံဧကံမဟာဘူ တံ .....၌လာသောမဟာဘုတ်တို့ မည်ကဲ့သို့ထူးကြပါသနည်း၊

ပဋိသန္ဓေအခါ အဇ္ဈတ္တကဝတ္ထုမှ ကဋတ္တာရုပ်၏အရကား။ ပဋိသန္ဓေကျေနပိသ, စေပဋ္ဌတိံသ အစိတ်အစိတ်, အစိတ်ပေါင်းနာမက္ခန္ဓာ၊ ဟဒယဝတ္ထုကိုစွဲ၍ဖြစ်သော ပဋိသန္ဓေကျေနပိသ,စေပဋ္ဌတိံသ အစိတ်အစိတ်, အစိတ်အပေါင်းနာမက္ခန္ဓာက ရုပ္ပာရုပ်ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဌ်၏အရကား၊ အချင်းချင်းအားရင်း။ အချင်းချင်းနာမက္ခန္ဓာကဋတ္တာရုပ်အားရင်းတပ်သော ပဋိသန္ဓေကျေနပိသ,စေပဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း။ ဥပါဒါရုပ်အားရင်း တင်သော မဟာဘုတ်လေးပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာဟဒယဝတ္ထုပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ ခန္ဓာဝါရကား နှစ်ခု့လေးဆယ်ဖြစ်သတည်း၊

---

(မြေ) ပစ္စယနိဒ္ဒေသ၌ ဟောတော်မူအပ်သော .... စတ္တာရောမဟာဘူတာ.......ဟူသောပါဌ်၌လာသော မဟာဘုတ်ကား၊ အဇ္ဈတ္တမဟာဘုတ်, ဗာဟိရမဟာဘုတ်နှစ်ပါးတို့ကို တပေါင်းတည်းပြု၍ အကျဉ်းအားဖြင့် ပြဆိုထားသည်၊

ဗာဟိရံဧကံမဟာဘူတံ...... ၌ လာသောမဟာဘုတ်ကား အကျယ်ဟောကြားအပ်သော ဝိတ္ထာရဒေသနာဖြစ်သောကြောင့် မြေ,ကျောက်စသည်တို့၌ဖြစ်သော အနိန္ဒြိယဗဒ္ဓရုပ် မဟာဘုတ်ကိုသာ ယူရပါသည်၊ ဤကဲ့သို့ထုးကြံပါသည်၊

ပစ္စယဝိဘင်္ဂဝါရသ္မိံ ဥဒ္ဒိဋ္ဌစတ္တာရောမဟာဘူတာတိ အဇ္ဈတ္တိကဉ္စ ဗာဟိရဉ္စ ဧကတော ကတွာ ဂဟိတံ။ သင်္ခေပဒေသနာ ဟိ သာ။ အယံ ပန ဝိတ္ထာရဒေသနာ။ တသ္မာ သဗ္ဗံ ဝိဘဇိတွာ ဒဿေန္တော ဗာဟိရံ ဧကံ မဟာဘူတန္တိ အာဒိမာဟ၊
ပဋ္ဌာန်း၊ အဋ္ဌကထာ (၃၅၅-၁၄)

ဟိ၊ချဲ့ပါဦးအံ့၊ပစ္စယဝိဘင်္ဂဝါရသ္မိံ၊ပစ္စယဝိဘင်္ဂဝါရ၌၊ စတ္တာရောမဟာဘူတာတိ ဆိုမိန့်၊ စတ္တာရောမဟာဘူတာ...... ဟူသောပါဌ်ဖြင့်၊ အဇ္ဈတ္တိကဉ္စ၊အဇ္ဈတ္တိကမဟာဘုတ်ကိုရင်း၊ဗာဟိရဉ္စ၊ ဗာဟိရမဟာဘုတ်ကိုရင်း ဧကတော၊ တပေါင်းတည်း၊ ကတွာ၊ပြု၍၊ ဂဟိတံ၊ယူအပ်၏၊ ဟိ၊မှန်ပါသည်၊ သာ၊ထိုဒေသနာသည်၊ သင်္ခေပဒေသနာ၊အကျဉ်းဟောကြားအပ်သောဒေသနာဖြစ်၏၊ ပန၊အထူးကိုဆိုဦးအံ့၊အယံ၊ဤဆိုလတ္တံ့

ရုပ်သက်သက်၌ အဗျာကတောဓမ္မော ကတ္တားပုဒ်၏ အရကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ်,ရဟန္တာတို့ရတိကြဉ်သောကုသိုလ်, အကုသိုလ်,ဝိပါက်, ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်။ ပဉ္စဝေါကာရပဋိသန္ဓေပန္နရသနှင့် ယထာရဟအတူဥပါဒ်သော ကမ္မဇမဟာဘုတ်၊

ဗာဟိရမဟာဘုတ်,အာဟာရဇမဟာဘုတ်,ဥတုဇမဟာဘုတ်,အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ ဖြစ်သောဘုတ်နှင့်တကွသောစိတ္တဇဥပါဒါ,ပဋိသန္ဓေကမ္မဇဥပါဒါ,ဗာဟိရဥပါဒါ, အာဟာရဇဥပါဒါ,ဥတုဇဥပါဒါ,အသညသတ်ကမ္မဇဥပါဒါ, ပဝတ္တိကမ္မဇဥပါဒါ ပစ္စယုပ္ပန်တရားရ၏၊

---

သောဒေသနာသည်ကား။ ဝိတ္ထာရဒေသနာ၊ အကျယ်ဟောကြားအပ်သောဒေသနာတည်း။တသ္မာ၊ထို့ကြောင့်၊သဗ္ဗံ၊အလုံးစုံကို၊ ဝိဘဇိတွာ၊ ဝေဘန်၍၊ဒေသေန္တော၊ပြတော်မူလိုခကား၊ ဗာဟိရံဧကံမဟာဘူတန္တိ အာဒိံ၊ဤသို့အစရှိသည်ကို။ အာဟ၊ဟောတော်မူ၏၊

ဤနေရာ၌။ ပစ္စယဝိဘင်္ဂဝါရဆိုသည်မှာ ပစ္စယုဒ္ဒေသ,ပစ္စယနိဒ္ဒေသ နှစ်ပါးတို့ကိုဆိုလိုသည်။ ထိုတွင် ပစ္စယုဒ္ဒေသကား သင်္ခေပဒေသနာဖြစ်၍၊ ပစ္စယနိဒ္ဒေသကား နာတိသင်္ခေပနာတိဝိတ္ထာရဒေသနာဖြစ်၏၊ ယင်းသို့ဖြစ်သော်လည်း၊ ပဋိစ္စအစရှိသောဆပါဠိ ဟုဆိုအပ်သော ဝိတ္ထာရဒေသနာကိုထောက်၍။ သင်္ခေပဒေသနာဟိသာ......ဟုအဋ္ဌကထာဆရာမိန့်ဆိုတော်မူသည်ဟုမှတ်ရမည်၊

## အာဟာရဇရုပ်-ဥတုဇရုပ်။

(မေး) အာဟာရသမုဋ္ဌာနံ, ဥတုသမုဋ္ဌာနံ ....ဟုဘုရားသျှင်သာမည ဟောတော်မူရာ။ ထိုအာဟာရဇရုပ်,ဥတုဇရုပ်သည်၊ ဣန္ဒြိယဗဒ္ဓလော, အနိန္ဒြိယဗဒ္ဓလော ခွဲခြားဝေဘန်ပြဆိုပါ၊

(ဖြေ) အာဟာရသမုဋ္ဌာနံ,ဥတုသမုဋ္ဌာနံ ..... ဟုဘုရားသျှင် သာမာန် ဟောကြားတော်မူအပ်သော်လည်း၊ ဣန္ဒြိယဗဒ္ဓအာဟာရဇရုပ်, ဥတုဇရုပ် တို့ကိုသာယူရပါသည်၊

ဟိတ်ပါဠိ၏အရကား၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားထင်သော ပစ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ ၁.ရူပဝိပါက်လေးရ, ၄ခွဲပဉ္စဝိညာဉ်တဆယ်,ရဟန္တာတို့၏စုတိကြဉ်သော ကုသိုလ်,အကုသိုလ်, ဝိပါက်,ကြိယာ နာမက္ခန္ဓာ၊အချင်းချင်းအားရင်း၊ဥပါဒါရုပ်အားရင်းထင်သောမဟာဘုတ် လေးပါးပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

---

ပုနအာဟာရသမုဋ္ဌာနံဥတုသမုဋ္ဌာနဉ္စဧတေဟိသဗ္ဗဲဣန္ဒြိယဗဒ္ဓဲအာဟာရ ဥတုသမုဋ္ဌာနံရူပံ၊
ပဋ္ဌာန်းမူလဋီကာ(၁၅၇-၃)

ပုန၊တဖန်။အာဟာရသမုဋ္ဌာနံ,ဥတုသမုဋ္ဌာနဉ္စ၊ဧတေဟိ၊ ထိုပါဠိတို့ ဖြင့်။သဗ္ဗံ၊အလုံးစုံသော။ ဣန္ဒြိယဗဒ္ဓံ၊ဣန္ဒြေနှင့်စပ်သော၊ အာ ဟာရဥတုသမုဋ္ဌာနံရူပံ၊အာဟာရဇရုပ်,ဥတုဇရုပ်ကို၊ဒဿေတိ၊ပြတော် မူ၏။

(မေး) ထိုဣန္ဒြိယဗဒ္ဓအာဟာရဇရုပ်,ဥတုဇရုပ်သည်အဇ္ဈတ္တသန္တာန် ၌ဖြစ်သလော(သို့တည်းမဟုတ်)ဗဟိဒ္ဓသန္တာန်၌ဖြစ်သလော။

(ဖြေ) အဇ္ဈတ္တသန္တာန်၌ဖြစ်ပါသည်၊ မှန်ပါသည်။ ၊အာဟာရဇ ရုပ်ဟူသော်ကား၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝတုသမုဋ္ဌာနိကဩဇာ ကြောင့်ဖြစ်သော အာဟာရဇ အဋ္ဌကကလာပ်-အစရှိသည်တည်း၊ ဥတုဇ ရုပ်ဟူသော်ကား၊ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော ဝတုသမုဋ္ဌာနိကတေ ဇောကြောင့်ဖြစ်သော ဥတုဇအဋ္ဌကကလာပ်-အစရှိသည်တည်း...... ဟု ပဋ္ဌာန်းအရကောက်ဆရာတော်ဘုရားမိန့်ကြားတော်မူခဲ့လေသည်၊

---

## အသညသတ်မဟာဘုတ်၌ဖွင့်ဘွယ်။

(မေး) အသညသတ္တာနံ ဧကံမဟာဘူတံပဋိစ္စ..... ဟုဟောတော်မူ အပ်သောပဋ္ဌာန်းပါဠိတော်၌ အဘယ်အကြောင်းတရားကြောင့်ဖြစ်သော မဟာဘုတ်ကိုယူရမည်နည်း၊

(ဖြေ)ကမ်-ဥတု-အကြောင်းနှစ်ပါးတို့ကြောင့်ဖြစ်သော ကမ္မဇမဟာ ဘုတ်,ဥတုဇမဟာဘုတ်တို့ကိုယူရပါမည်။ ( ဤသည်ကား အဋ္ဌကထာဆ ရာ၏ အလိုတည်း)

ခန္ဓာပါဠိရကား......တရော့ငါးဝါရဖြစ်သတည်း၊ တရော့ငါးဝါရဟူသော်ကား......စိတ္တဇမဟာဘုတ်၌တဆဲ့ငါးဝါရ၊ ပဋိသန္ဓေကမ္မဇမဟာဘုတ်၌တဆဲ့ငါးဝါရ၊ ဗာဟိရမဟာဘုတ်၌တဆဲ့ငါးဝါရ၊ အာဟာရဇမဟာဘုတ်၌တဆဲ့ငါးဝါရ၊ ဥတုဇမဟာဘုတ်၌တဆဲ့ငါးဝါရ၊ အသညသတ်ကမ္မဇမဟာဘုတ်၌တဆဲ့ငါးဝါရ၊ ပဝတ္တိကမ္မဇမဟာဘုတ်၌တဆဲ့ငါးဝါရ။ ဤသို့အားဖြင့် တရော့ငါးဝါရဖြစ်သတည်း၊

ကုသလာဗျာကတပဒလည်း ဟောတုကအတိုင်းကောက်။ ဟိတ်ပါဌ်၏အရကား၊ စိတ္တဇရုပ်အားတပ်သောပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ ကုသိုလ်စေတသိက်, စေအဖွဲ့တိုသ အစိတ်အပေါင်းနှာမဟုန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်းတပ်သောမဟာဘုတ်လေးပါးပစ္စည်းတရားတို့၏သဟဇာတသတ္တိချ၏။ (အကုသလာဗျာကတပဒ၌နည်းတူ)

သဟဇာတပြီး၏။

---

အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စ တိဿ သန္တတိ သမုဋ္ဌာန ဘူတ ဝသေန ဝုတ္တံ၊ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပန္တိ ဣဒံ ပန ကမ္မသမုဋ္ဌာနဝသေန ဝုတ္တံ၊ ဥပါဒါရူပန္တိ ဥတုသမုဋ္ဌာနဝသေန၊

ပဋ္ဌာန်းအဋ္ဌကထာ(၃၅၅-၁၈)

အသညသတ္တာနံဧကံမဟာဘူတံပဋိစ္စတိဿန်၊ပဋိစ္စဟူသော ဤဒေသနာကို၊ ဣသန္တတိသမုဋ္ဌာနဘူတဝသေန၊ကမ္မဇမဟာဘုတ်,ဥတုဇမဟာဘုတ်တို့၏ အစွမ်းအားဖြင့်၊ဝုတ္တံ၊ဟောကြားတော်မူအပ်၏၊ပန၊ ဆက်ပါဦးအံ့၊မဟာဘူတေပဋိစ္စကဋတ္တာရူပန္တိဣဒံ၊ကဋတ္တာရူပံဟူသောဤဒေသနာကို၊ကမ္မသမုဋ္ဌာနဝသေန၊ ကမ္မဇမဟာဘုတ်၏ အစွမ်းအားဖြင့်သာလျှင်၊ ဝုတ္တံ၊ဟောကြားတော်မူအပ်၏၊ ဥပါဒါရူပန္တိဣဒံ၊ ဥပါဒါရူပံဟူသောဤဒေသနာကို၊ ဥတုသမုဋ္ဌာနဝသေန၊ ဥတုဇမဟာဘုတ်၏အစွမ်းအားဖြင့်သာလျှင်၊ဝုတ္တံ၊ဟောကြားတော်မူအပ်၏၊

မူလဋီကာဝါဒ။

မူလဋီကာဆရာကား၊ အသညသတ်ဘုံ၌ဖြစ်သော ဥတုဇမဟာဘုတ်ကို......ဥတုသမုဋ္ဌာနံဧကံမဟာဘူတံ......စသောဒေသနာဖြင့် ဟောတော်မူအပ်ပြီးသည်ဖြစ်၍...... အသညသတ်ကမ္မဇမဟာဘုတ်ကိုပြဆိုခြင်းငှာ

အသညသတ္တာနံ ဧကံမဟာဘူတံပဋိစ္စ ......အစရှိသော ဒေသနာတော်ကို ဟောတော်မူသည်..... ဟုမိန့်ဆိုတော်မူသည်။

> တတ္ထဥတုသမုဋ္ဌာနံ ကေန္တိ အာဒိနာ အသညသတ္တာနမ္ပိ ဥတုသမုဋ္ဌာနံ ဝုတ္တမေ ဝါတိဒဿေတုံ။
> အဂ္ဂဟိတံကဋတ္တာရူပံ ဒဿေတုံ အသညသတ္တာနံ ဧကံမဟာဘူတံပဋိစ္စာတိ အာဒိ ဝုတ္တံ။

ပဋ္ဌာန်းမူလဋီကာ (၁၅၇-၄)

တတ္ထ၊ ထိုအာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ......စသောပါဌ်တို့တွင်။ ဥတုသမုဋ္ဌာနံ ကေန္တိ အာဒိနာ၊ ကြံ ဤသို့စသောပါဌ်ဖြင့်၊ အသညသတ္တာနမ္ပိ၊ အသညသတ်ပုဂ္ဂိုလ်တို့၏လည်း၊ ဥတုသမုဋ္ဌာနံ၊ ဥတုဇရုပ်ကို။ ဝုတ္တမေဝ၊ ဟောတော်မူအပ်သည်သာလျှင်တည်း၊ ဣတိ ဤသို့၊ ဒဿေတုံ မှတ်အပ်၏။

အဂ္ဂဟိတံ၊ မည်သည့်ပါဠိဖြင့်မျှမယူအပ်သေးသော၊ ကဋတ္တာရူပံ၊ ကဋတ္တာရုပ်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ အသညသတ္တာနံ ဧကံမဟာဘူတံ ပဋိစ္စာတိအာဒိ၊ ပဋိစ္စအစရှိသောဒေသနာကို။ ဝုတ္တံ၊ ဟောကြားတော်မူအပ်၏။

အသညသတ်ဥတုဇမဟာဘုတ်ကို၊ ဥတုသမုဋ္ဌာနံ ဧကံ စသောဒေသနာတော်ဖြင့် ယူအပ်ပြီးသည်ဖြစ်၍။ အသညသတ္တာနံ ဧကံမဟာဘူတံ (လ) ကဋတ္တာရူပံ ဥပါဒါရူပံ...... ဟုသောဒေသနာတော်၌ထပ်မံ၍ဥတုဇ မဟာဘုတ်ကိုယူရာ၌တစုံတရာအကျိုး ထူးရှိမည်မဟုတ်ပေ။

> နဟိ ဝုတ္တဿ ဥတုသမုဋ္ဌာနဿ ပုန ဝစနေ ပယောဇနံ အတ္ထိ။

ပဋ္ဌာန်းမူလဋီကာ(၁၅၇-၁၄)

ဟိ၊ လဒ္ဓဒေါသကိုဆိုပါဦးအံ့။ ဝုတ္တဿ၊ ဥတုသမုဋ္ဌာနံ ဧကံမဟာဘူတံ စသည်ဖြင့် ဟောအပ်ပြီးသော။ ဥတုသမုဋ္ဌာနဿ၊ ဥတုဇရုပ်ကို။ ပုန၊ တဖန်။ ဝစနေ၊ ထပ်၍ဟောရာ၌။ ပယောဇနံ၊ အကျိုးသည်၊ နအတ္ထိ မရှိပေ။

## အဘယ်ဝါဒသင့်ကြောင်းဆုံးဖြတ်ချက်။

(မေး) ထိုပဋ္ဌာန်းအဋ္ဌကထာဝါဒနှင့် ပဋ္ဌာန်းမူလဋီကာဝါဒ နှစ်ပါးတို့တွင်၊ အဘယ်ဝါဒသည်သာသင့်မြတ်ပါသနည်း။

(ဖြေ) ပဋ္ဌာန်းမူလဋီကာဝါဒသည်သာသင့်မြတ်ပါသည်၊ ထို့ကြောင့် ပဋ္ဌာန်း အရကောက်ဆရာတော်သည်လည်း၊ ပဋ္ဌာန်းမူလဋီကာဝါဒသို့ လိုက်၍ အရကောက်ဆိုရိုးပြုတော်မူသတည်း။

စိတ္တသမုဋ္ဌာနံရုပံကဋတ္တာရုပံဥပါဒါရုပံ......ဟုဟောတော်မူခြင်း။

(မေး) ရုပ်အပေါင်းတို့တွင်ဗာဟိရဥပါဒါရုပ်စသည်တို့ကို ဗာဟိရံ ဥပါဒါရုပံ.....စသည်ဖြင့်အထူးပြု၍ ဟောတော်မမူပဲ၊ စိတ္တဇကမ္မဇဥပါဒါရုပ်တို့ကို အဘယ့်ကြောင့် စိတ္တသမုဋ္ဌာနံရုပံ ကဋတ္တာရုပံဥပါဒါရုပံ...... ဟုအထူးပြု၍ ဟောတော်မူပါသနည်း။

(ဖြေ) ဗာဟိရဥပါဒါရုပ်စသည်တို့မှာ၊ တူသောဇာတ်ယှဉ်သောရုပ်တရားကြောင့်ဖြစ်လေရကား ထင်ရှားသိသာသော အထူးယှဉ်ကုန်သောကြောင့် အထူးပြုခြင်းငှါမထိုက်ကုန်၊ စိတ္တဇ,ကမ္မဇဥပါဒါရုပ်တို့မှာ မတူသောဇာတ်ယှဉ်ကုန်သော နာမ်တရားတို့ကြောင့်ဖြစ်လေရကား အထူးပြုခြင်းငှါထိုက်ကုန်၏၊ ထို့ကြောင့်ဗာဟိရဥပါဒါရုပ်စသည်တို့ကို ..ဗာဟိရံဥပါဒါရုပံ ... စသည်ဖြင့်အထူးပြု၍ ဟောတော်မမူပဲ၊ စိတ္တဇကမ္မဇဥပါဒါရုပ်တို့ကိုသာ စိတ္တသမုဋ္ဌာနံရုပံကဋတ္တာရုပံဥပါဒါရုပံ.....ဟု အထူးပြု၍ ဟောတော်မူပါသည်။

> အညာနိပိ သမာနဇာတိကေန ရူပေန သမုဋ္ဌာနာနိ ပါကဋ ဝိသေသနာ
> နေဝါတိ န ဝိသေသနံ အရဟန္တိ၊ ဣတရာနိ ပန အသမာနဇာတိကေဟိ အရူ
> ပေဟိ သမုဋ္ဌိတာနိ ဝိသေသနံ အရဟန္တီတိ ဝိသေသိတာနိတိ ဝေဒိတဗ္ဗာနိ၊

ပဋ္ဌာန်းမူလဋီကာ [၁၅၇-၂၉]

အညာနိပိ၊ တပါးလည်းဖြစ်ကုန်သော ဗာဟိရဥပါဒါရုပ်စသည်တို့သည်၊ သမာနဇာတိကေန၊ တူသောဇာတ်ယှဉ်သော၊ ရူပေန၊ ရုပ်ကြောင့်၊ သမုဋ္ဌာနာနိ၊ ဖြစ်ကုန်ရကား၊ ပါကဋဝိသေသနာနေဝ၊ ထင်ရှားသောအထူးယှဉ်ကုန်သည်သာလျှင်တည်း၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ ဝိသေသနံ၊ အထူးပြုခြင်းငှါ၊ န အရဟန္တိ၊ မထိုက်ကုန်။ ပန၊ အနွယကိုဆိုပါဦးအံ့၊ ဣတရာနိ၊ ထိုစိတ္တဇ,ကမ္မဇဥပါဒါရုပ်တို့သည်၊ အသမာနဇာတိကေဟိ၊ မတူသောဇာတ်ယှဉ်သော၊ အရူပေဟိ၊ နာမ်တရားကြောင့်၊ သမုဋ္ဌိတာနိ၊ ဖြစ်ကုန်ရကား။ ဝိသေသနံ၊ အထူးပြုခြင်းငှါ။ အရဟန္တိ၊ ထိုက်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိသေသိတာနိ၊ အထူးပြုအပ်ကုန်၏၊ ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

သဟဇာတဝိဘင်္ဂါရအဖွင့်ပြီး၏။

## အညမညပစ္စည်း။

(ကုသလပဒ, အကုသလပဒ, အဗျာကတပဒပဝတ္တိ ငဓိအနုဝါဒပါဠိအရကောက်ဆို ရိုးအားလုံးအာရုမ္မဏအတိုင်းကောက်)

### ပဋိသန္ဓိအဗျာကတာအနုဝါဒ။

(က) ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတံဧကံခန္ဓံပဋိစ္စတယောခန္ဓာဝတ္ထုစ၊ တယောခန္ဓေပဋိစ္စဧကောခန္ဓောဝတ္ထုစ၊ ဒွေခန္ဓေပဋိစ္စဒွေခန္ဓာဝတ္ထုစ၊ ခန္ဓေပဋိစ္စဝတ္ထု ဝတ္ထုံပဋိစ္စခန္ဓာ၊

(ခ) ဧကံမဟာဘူတံပဋိစ္စတယောမဟာဘူတာ၊ တယောမဟာဘူတေ ပဋိစ္စဧကံမဟာဘူတံ၊ ဒွေမဟာဘူတေပဋိစ္စဒွေမဟာဘူတာ၊ ဗာဟိရံ,အာဟာရသမုဋ္ဌာနံ, ဥတုသမုဋ္ဌာနံ, အသညသတ္တာနံဧကံမဟာဘူတံပဋိစ္စတယောမဟာဘူတာ၊ တယောမဟာဘူတေပဋိစ္စဧကံမဟာဘူတံ၊ ဒွေမဟာဘူတေပဋိစ္စဒွေမဟာဘူတာ၊

ပဋိသန္ဓေအခါ၌ အဗျာကတောဓမ္မော ကဏ္ဍားပုဒ်၏အရကား။ ပဋိသန္ဓေကျေနုဝိသ, စေပဋ္ဌတိ သ အစိတ်အစိတ်,အစိတ်အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထုကိုစွဲ၍ဖြစ်သော ပဋိသန္ဓေစိတ်ကျေနုဝိသ, စေပဋ္ဌတိ သ အစိတ်အစိတ်, အစိတ်အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထုပစ္စယုပ္ပန်တရားရ၏။

အညမညပစ္စယာ...... ဟိတ်ပါဌ်၏အရကား။ အချင်းချင်းအားထပ်သော ပဋိသန္ဓေစိတ်ကျေနုဝိသ, စေပဋ္ဌတိ သ အစိတ်အစိတ်နာမက္ခန္ဓာ၊ အချင်းချင်းအားထပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုပစ္စည်းတရားတို့၏ အညမညသတ္တိရ၏။ ခန္ဓာဝါရကား လေးဆဲ့လေးဝါရဖြစ်သတည်း။

---

### အညမညပစ္စယုပ္ပန်။

အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သောဟဒယဝတ္ထု၊ဟဒယဝတ္ထုမှထောက်အပ်သောပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ အချင်းချင်းမှထောက်အပ်သောစိတ္တဇမဟာဘုတ်,ပဋိသန္ဓေကမ္မဇမဟာဘုတ်, ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အသညသတ်ကမ္မဇမဟာ

ရုပ်သက်သက်၌ အဗျာကတောမဓမ္မော......ကဗ္ဗာ့ဘူးပုဒ်၏ အရကား။ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါအရူပဝိပါက်လေးခု ,ဧဒွပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ရတိကြဉ်သော ကုသိုလ်, အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည်ယထာရဟာပြအင်သော စိတ္တဇမဟာဘုတ်,ပဋိသန္ဓေကမ္မဇမဟာဘုတ်,ဗာဟိရမဟာဘုတ်,အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်,အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ ဖြစ်သောမဟာဘုတ်ရုပ် ပစ္စယုပ္ပန်တရားရုပ်၏၊

ဟိတ်ပါဠိ၏ အရကား အချင်းချင်းအားတပ်သော မဟာဘုတ်လေးပါးပစ္စည်းတရားတို့၏ အညမညသတ္တိရ၏။ ခန္ဓာဝါရကား(၉၀)

---

ဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်- ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏၊

**ခန္ဓာဝါရ{၄၄}ရေတွက်ပုံ။**

(မေး) ခန္ဓာဝါရ(၄၄)ပါးတို့ကိုရေတွက်ပြပါ။

(ဖြေ) အစိတ်အစိတ်နာမက္ခန္ဓာ၌ တဆဲ့လေးဝါရ, အစိတ်အပေါင်းနာမက္ခန္ဓာ၌တဆဲ့ငါးဝါရ,ဟဒယဝတ္ထု၌တဆဲ့ငါးဝါရအားဖြင့်ခန္ဓာဝါရ (၄၄)ဝါရဖြစ်ပါသည်။

---

**အစိတ်အစိတ်နာမက္ခန္ဓာ၌(၁၄)ဝါရရေတွက်ပုံ၊**

အစိတ်အစိတ်နာမက္ခန္ဓာ၌(၁၄)ဝါရဆိုသည်မှာ၊ ဧကကလေးဝါရ, တိကလေးဝါရ, ဒုကခြောက်ဝါရ- ဤသို့အားဖြင့် (၁၄)ဝါရဖြစ်လေသည်၊ ဧကကလေးဝါရဆိုသည်မှာ-

| ပဋိသန္ဓိက္ခဏေကော်ခန္ဓ ပဋိစ္စ | တယောခန္ဓာဝတ္ထုစ၊ |
| --- | --- |
| (၁) ဝေဒနာ | သညာ,သင်္ခါရ,ဝိညာဉ်,ဟဒယဝတ္ထု၊ |
| (၂) သညာ | သင်္ခါရ,ဝိညာဉ်,ဝေဒနာ ၊ |
| (၃) သင်္ခါရ | ဝိညာဉ်,ဝေဒနာ,သညာ ၊ |
| (၄) ဝိညာဉ် | ဝေဒနာ,သညာ,သင်္ခါရ ၊ |

ဤသို့အားဖြင့် လေးဝါရဖြစ်လေသည်၊

ပဝတ္တိအခါ(၁၄)ဝါရ, ပဋိသန္ဓေအခါ(၄၄)ဝါရ, ရုပ်သက်သက်၌ (၉၈)ဝါရအားဖြင့်ခန္ဓာဝါရပေါင်း(၁၅၆)ဝါရဖြစ်သတည်း၊

အညမညပြီး၏။

---

ဆိုနိုးပြုပုံမှာ။

ပဋိသန္ဓိက္ခဏေ ဧကံခန္ဓံ(လ)ဝတ္ထုစ ..... ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဧကံခန္ဓံ အရကို ဝေဒနာယူ၍ တယောခန္ဓာဝတ္ထုစ-အရကို သညာ,သင်္ခါရ, ဝိညာဉ် ဟဒယဝတ္ထုယူ၍ တဝါရ။ (အကြွင်းနည်းမှီ၍ (၁၄)ဝါရ ကုန်ဆုံးသည့်တိုင်အောင်ဆက်၍ ဆိုလေ။)

---

ခန္ဓာဝါရ(၉၈)ရေတွက်ပုံ။

(မေး) ရုပ်သက်သက်၌ ခန္ဓာဝါရ(၉၈)ပါးတို့ကိုရေတွက်ပါ၊

(ဖြေ) စိတ္တဇမဟာဘုတ်၌ (၁၄)ဝါရ၊ ပဋိသန္ဓေကမ္မဇမဟာဘုတ်၌(၁၄)ဝါရ၊ ဗာဟိရမဟာဘုတ်၌(၁၄)ဝါရ၊ အာဟာရဇမဟာဘုတ်၌(၁၄)ဝါရ၊ ဥတုဇမဟာဘုတ်၌(၁၄)ဝါရ၊ အသညသတ်ကမ္မဇမဟာဘုတ်၌(၁၄)ဝါရ၊ ပဝတ္တိကမ္မဇမဟာဘုတ်၌(၁၄)ဝါရ– ဤသို့(၁၄)ဝါရ (၇)ကြိမ်ဖြစ်ကောင်းသောကြောင့် ခန္ဓာဝါရ(၉၈)ပါးဖြစ်သတည်း၊

ပဝတ္တိကမ္မဇရုပ်ဝိဘင်းသီးခြားမဟောခြင်း။

(မေး) ပဝတ္တိကမ္မဇရုပ်သည် ထင်ရှားလှသည်ဖြစ်ပါလျက်၊ ဘုရားသျှင်သည် အဘယ့်ကြောင့်- ပဝတ္တိကမ္မဇကို ဝိဘင်းသီးခြားထုတ်၍ ဟောကြားတော်မမူပါသနည်း၊

(ဖြေ) ပဝတ္တိကမ္မဇရုပ်သည် အသညသတ်ကမ္မဇရုပ်နှင့် အလားတူသောကြောင့်- အသညသတ္တာနံ ဧကံမဟာဘူတံ...... အစရှိသောဝိဘင်း၌သွင်း၍ ဟောကြားတော်မူလေသည်၊ ထို့ကြောင့်-ပဝတ္တိကမ္မဇရုပ်ကို ဝိဘင်းသီးခြားထုတ်၍ ဟောကြားတော်မမူခြင်းဖြစ်ပါသည်၊ (ပဋ္ဌာန်းအရကောက်ဆရာတော်၏ ဝါဒ၊)

အညမညဝိဘင်္ဂဝါရအဖွင့်ပြီး၏။

## နိဿယပစ္စည်း။

(နိဿယပစ္စည်းကို၏ ဝိဒိ,အနုဝါဒပါဠိများသည် သဟဇာတနှင့်တူ၏၊ ထို့ကြောင့် နိဿယပစ္စယံသဟဇာတပစ္စယသဒိသံ– ဟုပဋ္ဌာန်းပါဠိတော်၌ဟောကြားတော်မူသည်)

### ကုသလပဒ။

ကုသလေနကုသလံ၌ကောက်မြဲ .... ဟိတ်ပါဠိ၏အရကား၊ အချင်းချင်းအားးတပ်သောကုသိုလ်ဇောစိတ်ဒ, စေအဋ္ဌတိံသ အစိတ်အစိတ် နှာ မကျွန္တာပစ္စည်းတရားတို့၏သဟဇာတနိဿယသတ္တိ။

ပဋ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ နောက်နောက်သောကုသိုလ်ဇောစိတ်အားးတပ်သော ဝုဒ္ဓော၊ မနောဒွါရာဝဇ္ဇန်း-အစယှိသောရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊မရဏာသန္နကုသိုလ်ဇောငါးချက်တပ်သော ဝုတိစိတ်မှပြန်၍ ရေသည်ယှိသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိရ၏။

ကုသလေနအဗျာကတံ, ကုသလေနကုသလာဗျာကတံ......၌သဟဇာတအတိုင်းကောက်။

ဟိတ်ပါဠိ၏အရကား၊ (သဟဇာတနိဿယသတ္တိတူ၏)ပဋ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်ဇောစိတ်အားးတပ်သော ဝုဒ္ဓော,မနောဒွါရာဝဇ္ဇန်း-အစယှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သောဟဒယဝတ္ထု၊မရဏာသန္နကုသိုလ်ဇောငါးချက်အားးတပ်သော ဝုတိစိတ်မှပြန်၍ရေသည်ယှိသော်၊တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုပစ္စည်းတရားတို့၏ပုရေဇာတနိဿယသတ္တိရ၏။

---

## နိဿယပစ္စယပွန်။

အလုံးစုံသောပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်,ဗာဟိရရုပ်,အာဟာရဇရုပ်,ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်,ဤတရားတို့သည် နိဿယပစ္စည်း၏ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။

**အကုသလပဒ။**

အကုသလေန အကုသလံ...... ကောက်မြဲ။ ဟိတ်ပါ၌ သဟဇာတ နိဿယ– ကောက်မြဲ။ ပစ္ဆာဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သောအကုသိုလ်အားတင်သော ဝုဒ္ဓော, မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်ဇောငါးချက်အားတပ်သော စုတိစိတ်မှပြန်၍ရေသည့်ယှိဆော်တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိချ၏။

အကုသလေန အဗျာကတံ, အကုသလေန အကုသလာဗျာကတံ သဟဇာတ–အတိုင်း နောက်ကနည်းမှီ၍ ကောက်လေ၊

---

**ပုရေဇာတနိဿယမဟောခြင်း။**

(မေး) နိဿယပစ္စည်းသည် သဟဇာတနိဿယ,ပုရေဇာတနိဿယအားဖြင့်နှစ်ပါးယှိရာ၊ ပဋိစ္စဝါရ၌အဘယ့်ကြောင့် ပုရေဇာတနိဿယကို ဘုရားသျှင်ဟောကြားတော်မမူပါသနည်း၊

(ဖြေ) ပဋိစ္စသဒ္ဒါ၏ အနက်သဘောသည် သဟဇာတသဒ္ဒါ၏ အနက်သဘောပင်ဖြစ်သောကြောင့် ပဋိစ္စဝါရ၌ ပုရေဇာတနိဿယကိုဘုရားသျှင်ဟောကြားတော်မမူခြင်းဖြစ်သည်၊

> နိဿယပစ္စယေယသ္မာပဋိစ္စဋ္ဌောနာမသဟဇာတဋ္ဌော၊ တသ္မာယာဟေဋ္ဌာပစ္စယဝိဘင်္ဂဝါရေဝက္ခုာရတနာဒီနံနိဿယပစ္စယတာဒဿိတာ။သာနဂဟိတာ၊ ဝက္ခုာယတနာဒီနိဟိပုရေဇာတာနိဟုတွာပစ္စယာဟောန္တိ။ ဣဓသဟဇာတမေဝလဗ္ဘတိ၊

ပဋ္ဌာန်းအဋ္ဌကထာ(၃၅၅-၂၂)

နိဿယာပစ္စယေ၌၊ယသ္မာ၊ကြောင့်၊ ပဋိစ္စဋ္ဌောနာမ၊ပဋိစ္စသဒ္ဒါ၏ အနက်သဘောမည်သည်၊ သဟဇာတဋ္ဌော၊သဟဇာတသဒ္ဒါ၏ အနက်သဘောသည်၊ဟောတိ၊၏၊တသ္မာ၊ကြောင့်၊ ဟေဋ္ဌာ၊အောက်ဖြစ်သော၊ ပစ္စယဝိဘင်္ဂဝါရေ၊ပစ္စယဝိဘင်္ဂဝါရ၌၊ဝက္ခုာယတနာဒီနံ၊ဝက္ခုာယတနအစရှိသည်တို့၏၊ ယာနိဿယပစ္စယတာ၊ အကြင့်ပုရေဇာတနိဿယပစ္စည်း၏ အဖြစ်ကို၊ဒဿိတာ၊ပြတော်မူအပ်၏၊သာ၊ထိုပုရေဇာတနိဿ

**အဗျာကတဘာဇ။**

အဗျာကတေနအဗျာကတံ.....၌ ပဝတ္တိအခါအဗျာကတောကား– ကောက်မြဲ၊ ဟိတ်ပါ၌ကား- သဟဇာတနိဿယကား (သဟဇာတအတိုင်းကောက်)

စက္ခုဝိညာဉ်ဒွေးအားတပ်သောမဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သောစက္ခုဝတ္ထု(လ) ကာယဝိညာဉ်ဒွေးအားတပ်သောမဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သောကာယဝတ္ထု၊

---

ယပစ္စည်း၏အဖြစ်ကို၊နဂဟိတာ၊မယူအပ်၊ဟိ၊မှန်ပါသည်၊ စက္ခာယတနာဒိနိ၊စက္ခာယတနစသည်တို့သည်၊ ပုရေဇာတာနိ၊ရှေ့၌ဖြစ်ကုန်သည်၊ ဟုတွာ၊ဖြစ်ကုန်၍၊ ပစ္စယာ၊ကျေးဇူးပြုကုန်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏၊ ဣဓ၊ဤပဋိစ္စဝါ၌၊ သဟဇာတာဝ၊ သဟဇာတ်ဖြစ်သောတရားကိုသာလျှင်၊ ဝါ၊သဟဇာတနိဿယကိုသာလျှင်၊ လဗ္ဘတိ၊ရအပ်၏၊

**ပုရေဇာတနိဿယသတ္တိကို ကောက်သင့်မကောက်သင့်။**

(မေး) ပဋိစ္စဝါ၌ ပုရေဇာတနိဿယသတ္တိကို ကောက်သင့် မကောက်သင့် ဆုံးဖြတ်ခဲ့ပါ၊

(ဖြေ) ပဋ္ဌာန်းအဋ္ဌကထာ၌ ဣဓသဟဇာတာဝ လဗ္ဘတိ....... ဟူ၍ ၎င်း ပဋ္ဌာန်းပါဠိတော်၌– နိဿယပစ္စယံ သဟဇာတပစ္စယသဒိသံ....... ဟူ၍၎င်း- ဟောတော်မူသည်ကိုထောက်၍ ပဋိစ္စဝါ၌ ပုရေဇာတနိဿယကို လုံးဝမရအပ်လေသောကြောင့်...... ပုရေဇာတနိဿယသတ္တိကို အရကောက်ရန်သင့်ဖွယ်မထင်ပါ၊

မှန်ပါသည်၊ ၊အာရမ္မဏပစ္စည်း၏ အဖြစ်ဖြင့် ရူပါရုံစသည်တို့ကို ပဋိစ္စဝါ၌မယူအပ်ကုန်သကဲ့သို့၊ နိဿယပစ္စည်း၏အဖြစ်ဖြင့် စက္ခာယတနအစရှိသည်တို့ကိုမယူအပ်ပေ။ ထို့ကြောင့်......ပုရေဇာတနိဿယသတ္တိကိုအရကောက်ရန်သင့်ဖွယ်မထင်ပါ။

နိဿယပစ္စယဘာဝေန ပန နစက္ခာယတနာဒီနိအာရမ္မဏပစ္စယဘာဝေန ရူပါယတနာဒီနိဝိယနဂဟိတာနိ၊

ပဋ္ဌာန်းမူလဋီကာ (၁၅၉-၁၀)

ပစ္ဆာဇာတပစ္စယဝိဘင်္ဂ ... ပဋ္ဌေဝါကာရဘုံ၌ဖြစ်သောအခါ၊အရူပဝိပါက်လေးခု,နှေပဋ္ဌမိဉာဉ် တဆယ်-ကြဉ်သော နောက်နောက်သော ဝိပါက်ဗာဝိသ ကြိယာဝိသ အားတပ်သော ပဋိသန္ဓေအစယှဉ်သော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ် သောဟာဒယဝတ္ထု။ နိရောဓသမာပတ်မှထသောအခါ ရှေးစိတ်ကျချာတ ချက်ခန့်ကာလ၌ဖြစ်သောဟာဒယဝတ္ထု။ မရဏာသန္နအခါ ပဋ္ဌဝေါကာရ ဘဝင်တဆဲ့ငါးခု, အာဝဇ္ဇန်းနှေး, သမ္ပဋိစ္ဆိုင်းနှေး, သန္တီရဏသုံးခု၊ ဝုဋ္ဌော,မရဏာသန္နဇောငါးချက်၊ တဒါရုံဗုတ်အားတပ်သော စုတိစိတ်မှ ပြန်၍ရေသည်ယှဉ်သော်တဆဲ့ရနှစ်ချက်ဖြောက်သောစိတ်နှင့်အတူဥပါဒ် သောဟာဒယဝတ္ထုပစ္စည်းတရားတို့၏ပုရေဇာတနိဿယသတ္တိရ၏။

(ရုပ်သက်သက်သဟဇာတအတိုင်း-ကုသလာဗျာကတေနအဗျာကတံ, အကုသလာ ဗျာကတေနအဗျာကတံ .... ဤနှစ်ချက်လည်း သဟဇာတအတိုင်းကောက်လေ။)

နိဿယပြီး၏။

---

ပန၊ထင်ရှားစေဦးအံ့။အာရမ္မဏပစ္စယဘာဝေန၊ အာရမ္မဏပစ္စည်း၏ အဖြစ်ဖြင့်၊ ရူပါယတနာဒိနိ၊ရူပါရုံစသည်တို့ကို။ နဂဟိတာနိဝိယ၊မယူ အပ်ကုန်သကဲ့သို့၊ နိဿယပစ္စယဘာဝေန၊ နိဿယပစ္စည်း၏ အဖြစ်ဖြင့်၊ စက္ခွာယတနာဒိနိ၊စက္ခွာယတနအစယှဉ်သည်တို့ကို၊နဂဟိတာနိ၊ မယူအပ် ကုန်၊

**သာနဂဟိတာတိယာစက္ခွာယတနံ နိဿာယာတိအာဒိနာစက္ခွာယတနာဒိနံ**
**နိဿယပစ္စယတာဝုတ္တာ၊သာဇ္ဈဓပဋိစ္စဝါရေနဝုတ္တာ၊**

ပဋ္ဌာန်းအနုဋီကာ (၂၂၃-၁၂)

သာနဂဟိတာတိ၊ဟူသည်ကား။စက္ခွာယတနံ၊ကို၊နိဿာယ၊အမှီပြု ၍၊ဣတိအာဒိနာ၊ဤသို့စသည်ဖြင့်၊စက္ခွာယတနာဒိနံ၊စက္ခွာယတနစသည် တို့၏၊ ယာနိဿယပစ္စယတာ၊ အကြင် ပုရေဇာတနိဿယအဖြစ်ကို၊ ဝုတ္တာ၊ဟောတော်မူအပ်၏၊ သာ၊ ထိုပုရေဇာတနိဿယအဖြစ်ကို၊ ဈာန ပဋိစ္စဝါရေ၊ဤပဋိစ္စဝါရ၌၊ နဝုတ္တာ၊ဟောတော်မမူအပ်ပေ၊

ပြဆိုအပ်ခဲ့ပြီးသောပါဠိတော် အဋ္ဌကထာ ဋီကာ အာဂမယုတ္တိတို့ကို ထောက်ထား၍ ပုရေဇာတနိဿယသတ္တိကိုမရအပ်သော်လည်း၊ ရှေး မှုဟောင်းမပျက်စေရန် ပဋ္ဌာန်းအရကောက်၌လာသည့်အတိုင်း— ပုရေ ဇာတနိဿယသတ္တိအရကောက်ဆိုရိုးကို ဖေါ်ပြလိုက်ခြင်းဖြစ်ပေသည်။

**နိဿယဝိဘင်္ဂါရအဖွင့်ပြီး၏။**

## ဥပနိဿယပစ္စည်း။

ဥပနိဿယ၌ ကုသလေနကုသလံ (ကောက်မြီး) ပါဠိတ်ပါဌ်၏ အရကား ( အာရမ္မဏူပနိဿယပါဠိတ်ပါဌ်ကို အာရမ္မဏာဓိပတိအတိုင်းကောက်၊ အနန္တရူပနိဿယပါဠိတ်ပါဌ်ကိုအနန္တရအတိုင်းကောက်) နောက်နောက်သော ကုသိုလ်ဧကဝိသအားတပ်သော ဗလဝဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သောစိတ်ရှစ်ဆဲ့ခုနစ်ခု, စေနွေပညာဒသ, ရုပ်အဋ္ဌဝိသ, ပညတ်ပစ္စည်း တရားတို့၏ ပကတူပနိဿယသတ္တိရ၏။

အကုသလေနအကုသလံ (ကောက်မြီး) ပါဠိတ်ပါဌ်၏ အရကား (အာရမ္မဏူပနိဿယကိုအာရမ္မဏာဓိပတိအတိုင်းကောက်၊ အနန္တရူပနိဿယကိုအနန္တရအတိုင်း ကောက်) နောက်နောက်သောအကုသိုလ်ခွဲဒွါဒသအားတပ်သော ဗလဝဖြစ်သောလောကီစိတ်ကြောသီတိ, စေနွေပညာဒသ, ရုပ်အဋ္ဌဝိသ, ပညတ်ပစ္စည်း တရားတို့၏ ပကတူပနိဿယသတ္တိရ၏၊ ခန္ဓာဝါရတဆဲ့လေးဝါရ။

---

## ဥပနိဿယပစ္စယုပ္ပန်။

စိတ်တခုယုတ်ကိုးဆယ်, စေသသိက်ခွေပညာသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ဥပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။

---

### အဘယ်ဥပနိဿယပစ္စယုပ္ပန် တရားရသင့်ကြောင်း ညွှန်ပြချက်။

(မေး) ဥပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့တွင်၊ အဘယ် ဥပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ကိုသာရအပ်ပါသနည်း။

(ဖြေ) အနန္တရူပနိဿယပကတူပနိဿယပစ္စယုပ္ပန်တရားတို့မှာ တစုံတရာဆိုဘွယ်မယှိ၊ အလုံးစုံရအပ်ပါသည်။ အာရမ္မဏူပနိဿယပစ္စယုပ္ပန်တို့တွင် အလုံးစုံသောကုသိုလ်,အကုသိုလ်အဗျာကတနာမက္ခန္ဓာတို့သည် အာရမ္မဏူပနိဿယပစ္စည်းကိုမရကုန်၊ ရသင့်သမျှသောအာရမ္မဏူပနိဿယကုသိုလ်, အကုသိုလ်အဗျာကတပစ္စယုပ္ပန်တရားတို့ကိုသာ ပဋိစ္စဝါရဥပနိဿယဝိဘင်္ဂဝါရ၌ကောက်ယူရပါသည်၊

**အဗျာကတပဒ။**

အဗျာကတေနအဗျာကတံ......၌— ပဝတ္တိကဏ္ဍပါဌ် ကောက်မြဲ၊ ဟိတ်ပါဌ်၏ အရကား (အာရမ္မဏူပနိဿယကို အာရမ္မဏာဓိပတိအတိုင်းကောက် အနန္တရူပနိဿယကိုအနန္တရအတိုင်းကောက်) နောက်နောက်သောဝိပါက်ဆတ္တိံသ,ကြိယာဝီသအားတင်သောဖလဝဖြစ်သောစိတ်တရယုတ်ကိုးဆယ်, စေခွေပညာသ, ရုပ်အဋ္ဌဝီသ, ပညတ်တရားတို့၏ ပကတူပနိဿယသတ္တိ ရ၏။

ပဋိသန္ဓေအခါ (အာရမ္မဏအတိုင်းကောက်) ဟိတ်ပါဌ်၏ အရကား— (အနန္တရူပနိဿယကိုအနန္တရအတိုင်းကောက်) ပဋိသန္ဓေစိတ်ဇကူနဝီသအားတင်သောဖလဝဖြစ်သောလောကီစိတ်ဇကောသိတိ,စေခွေပညာသ, ရုပ်အဋ္ဌဝီသ ပညတ်၊နာနာက္ခဏိကဖြစ်သော လောကီကုသိုလ်,အကုသိုလ်စေတနာပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိရ၏။

**ဥပနိဿယပြီး၏။**

---

တတ္ထကိဉ္စာပိနသဗ္ဗေ ကုသလာကုသလာဗျာကတာ အာရမ္မဏူပနိဿယံ လဘန္တိ၊ယေပနလဘန္တိတေသံဝသေနေတံဝုတ္တန္တိဝေဒိတဗ္ဗံ၊

ပဋ္ဌာန်းအဋ္ဌကထာ(၃၅၅-၂၈)

တတ္ထ၊ထိုဥပနိဿယဝိဘင်္ဂ၌၊ သဗ္ဗေ၊အလုံးစုံကုန်သော၊ ကုသလာကုသလာဗျာကတာ၊ ကုသိုလ်, အကုသိုလ်, အဗျာကတတရားတို့သည်၊အာရမ္မဏူပနိဿယံ၊ အာရမ္မဏူပနိဿယပစ္စည်းကို၊ ကိဉ္စာပိန လဘန္တိ၊အကယ်၍ကား မရပါကုန်၊ပန၊ထိုသို့ပင်မရပါကုန်သော်လည်း၊ ယေ၊အကြင်တရားတို့သည်၊ လဘန္တိ၊ရကုန်၏၊ တေသံ၊ထိုတရားတို့၏၊ ဝသေန၊ အစွမ်းအားဖြင့်၊ ဧတံ၊ ထိုအာရမ္မဏပစ္စယသဒိသံ-ဟူသောစကားကို၊ဝုတ္တံ၊မိန့်ဆိုတော်မူအပ်၏၊ဣတိ၊ဤသို့၊ဝေဒိတဗ္ဗံ၊သိအပ်၏။

**ဆိုလိုရင်းအဓိပ္ပါယ်မှာ။** ပဋ္ဌာန်းပါဠိတော်၌- ဥပနိဿယပစ္စယံ အာရမ္မဏပစ္စယသဒိသံ...... ဟုဘုရားသျှင်ဟောကြားတော်မူရာ၊ အနန္တရ, ပကတူတို့မှာ အလုံးစုံသောစိတ်, စေတသိက်နာမက္ခန္ဓာတို့ကို အရကောက်ရလေသောကြောင့်ဆိုဘွယ်ရာမယှိပေ၊အာရမ္မဏူပနိဿယမှာ အလုံးစုံသောကုသိုလ်,အကုသိုလ်အဗျာကတတရားကိုမရသောကြောင့်

အာရမ္မဏနှင့်အလုံးစုံမတူပေ။ ယင်းသို့ဖြစ်သော်လည်း ရသင့်သောတရားရကိုသာရည်၍၊ ယင်းသို့ ဥပနိဿယပစ္စယံ အာရမ္မဏာပစ္စယသဒိသံ...... ဟုဘုရားသျှင်ဟောတော်မူပါသည်—ဟူလို။

**ဣဓ သုဥပနိဿယ ဧယသုဝ ဏ္ဏဗ္ဗမေဝနတ္ထိ၊ အာရမ္မဏူပ နိဿယဗ္ဗိပနယေ လဘန္တိ။ တေသံဝသေနအာရမ္မဏာပစ္စယသဒိသန္တိဝေံဝုတ္တန္တိဒဿေတုံတဏ္ဍ ကိဉ္စာပီတိအာဟ။**

**ပဋ္ဌာန်းမူလဋီကာ [၁၅၉-၁၁]**

ဣဓသု၊ နှစ်ပါးကုန်သော၊ ဥပနိဿယေသု၊ အနန္တရူပနိဿယ,ပကတူပနိဿယတို့၌။ ဝဏ္ဏဗ္ဗမေဝ၊ ဆိုဘွယ်သည်သာလျှင်၊ နတ္ထိ၊ မယှိပေ။ ပန၊ အဘို့တပါးကိုဆိုဦးအံ့။ အာရမ္မဏူပ နိဿယမ္ဗိ၊ အာရမ္မဏူပနိဿယကိုလည်း။ ယေ၊ အကြင်တရားတို့သည်၊ လဘန္တိ၊ ရကုန်၏၊ တေသံ၊ ထိုတရားတို့၏၊ ဝသေန၊ အစွမ်းအားဖြင့်။ အာရမ္မဏပစ္စယသဒိသန္တိ၊ သဒိသံ၊ ဟူ၍၊ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏၊ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှာ၊ တဏ္ဍကိဉ္စာပီတိ၊ ကိဉ္စာပိအစရှိသောစကားကို၊ အာဟ၊ မိန့်ဆိုတော်မူ၏၊

ဤ၌-အာရမ္မဏူပနိဿယပစ္စည်းကိုကြောင်မရအောင်သောကုသိုလ်ကား မဟဂ္ဂုတ်ကုသိုလ်ဖြစ်၍၊ ရုံခါမရအောင်သောကုသိုလ်မှာ ကာမာဝစရကုသိုလ်ဖြစ်သည်၊

**ကုသလာဝိပနမဟဂ္ဂတာကေန္တေနကာမာဝစရာစကဒါစိနလဘန္တိတိနသဗ္ဗေ ကုသလာကုသလာဗျာကတာတိပဋ္ဌန္တိ။**

**ပဋ္ဌာန်းမူလဋီကာ(၁၅၉-၁၅)**

ပန၊ဆက်ပါဦးအံ့၊ မဟဂ္ဂတာ၊မဟဂ္ဂုတ်ဖြစ်ကုန်သော၊ ကုသလာပိ၊ ကုသိုလ်တို့သည်လည်း၊ ဧကန္တေန၊ စင်စစ်အားဖြင့်၊ အာရမ္မဏူပနိဿယံ၊ကို၊နလဘန္တိ၊မရကုန်၊ကာမာဝစရာစ၊ ကာမာဝစရကုသိုလ်တို့သည်ကား၊ကဒါစိ၊တရံတခါ၊ နလဘန္တိ၊မရကုန်၊ ဣတိတသ္မာ၊ထို့ကြောင့်၊ နသဗ္ဗေကုသလာကုသလာဗျာကတာတိ၊ဗျာကတာ-ဟူ၍၊ ပဋ္ဌန္တိ၊မိန့်ဆိုကြကုန်၏၊

ကုသလာပိ ..... ၌ ပိသဒ္ဒါဖြင့် မဟဂ္ဂုတ်ဝိပါက်ကြိယာတို့ကိုငင်သည်၊

**ကုသလာပိပနမဟဂ္ဂတာတိပိသဒ္ဒေနအဗျာကတေမဟဂ္ဂတေအာကဍ္ဎတိ။**

**ပဋ္ဌာန်းအနုဋီကာ (၂၂၇-၂၅)**

ကုသလာပိပန မဟဂ္ဂတာတိဧတ္ထ၊ မဟဂ္ဂတာ=ဟူသောပါဌ်၌၊ ပိသဒ္ဒေန၊ ပိသဒ္ဒါဖြင့်၊ အဗျာကတော၊ အဗျာကတဖြစ်ကုန်သော၊ မဟဂ္ဂတော၊ မဟဂ္ဂုတ်ဝိပါက်ကြိယာတို့ကို၊ အာကဍ္ဍတိ၊ ငင်၏၊

မဟဂ္ဂုတ်ကုသိုလ်သော်မှ အာရမ္မဏူပနိဿယကိုရပါမူ မဟဂ္ဂုတ်ဝိပါက်ကြိယာတို့မှာဆိုဘွယ်ရာမရှိပြီဟု ဆိုလိုသည်၊

"ကဒါစိ"အဓိပ္ပါယ်မှာ ကာမာဝစရကုသိုလ်တို့သည် အလေးအမြတ်ပြု၍ဖြစ်သောအခါ၌သာ အာရမ္မဏူပနိဿယကိုရ၍၊ အလေးအမြတ်ပြု၍မဖြစ်သောအခါ၌မရပေဟုဆိုလိုသည်၊

ပဋ္ဌာန်းမူလဋီကာ အနုဋီကာဆရာတို့က အကုသိုလ်အတွက် တစုံတရာလျှင်းပါးခြင်းမရှိသော်လည်း၊ ဒေါသမူ မောဟမူတို့သည် ဧကန်အာရမ္မဏူပနိဿယကိုမရပေ။ လောဘမူသည်ကား အလေးအမြတ်ပြု၍ဖြစ်သောအခါ၌သာအာရမ္မဏူပနိဿယကိုရပေသည်၊ အလေးအမြတ်ပြု၍မဖြစ်သောအခါ၌ အာရမ္မဏူပနိဿယကိုမရပေဟုမှတ်သားရာသည်၊

ဥပနိဿယဝိဘင်္ဂဝါရအဖွင့်ပြီး၏။

## ပုရေဇာတပစ္စည်း။
၄၄

ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိပုရေဇာတပစ္စယာ၊
အနုဝါဒ။

ကုသလ်ကော်ခန္ဓပဋိစ္စ(လ)ငေ့ခန္ဓာ ဝတ္ထုံပုရေဇာတပစ္စယာ။
(အကုသလပဒ၀ိဗိအနုဝါဒကိုလည်းရှေးနည်းအတူထုတ်လေ)
၄၄

အဗျာကတံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မော ဥပ္ပဇ္ဇတိပုရေဇာတပစ္စ ယာဝိပါကာဗျာကတံကိရိယာဗျာကတံကော်ခန္ဓပဋိစ္စ(လ)ငွေခန္ဓာ၊ ဝတ္ထုံပုရေဇာတပစ္စယာ။

ဝတ္ထုံ၊ဟာဒယဝတ္ထုကို၊ပဋိစ္စဲ့စွဲ၍၊ပုရေဇာတပစ္စယာ၊ ဝတ္ထုနှာပုရေ ဇာတပစ္စယတ်သာဓေန္တေနှ၊ဟာဒယဝတ္ထုဖြင့် ပုရေဇာတသတ္တိကိုပြီးစေ တတ်သည်၏ အဖြစ်ကြောင့်၊ ခန္ဓာ၊ပဉ္စဝေါကာရကုသိုလ် နာမက္ခန္ဓာတို့ သည်၊ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏၊

ကတ္တားပုဒ်၏ အရကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ ကုသိုလ် ကေ၀ိသ,စေအေဌတိ်သအ၀ိတ်အ၀ိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သောကုသိုလ် ကေ၀ိသ,စေအေဌတိ်သ အ၀ိတ်အ၀ိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏၊

---

## ပုရေဇာတပစ္စယုပ္ပန်။
အရူပဝိပါက်လေးချက်ကြဉ်သော ပဉ္စဝေါကာရပဝတ္တိနာမက္ခန္ဓာ လေးပါး ဤတရားတို့သည် ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားတို့ မည်ကုန်၏၊

---

**ဝတ္ထုံ ပုရေဇာတပစ္စယာ......ဟုအထူးဟောတော်မူခြင်း။**

(မေး) အခြားပစ္စည်းတို့၌ ပစ္စည်းကိုထုတ်ဆောင်ဖော်ပြခြင်းမပြုပဲ ကုသလ်ကော်ခန္ဓ (လ) ခွေခန္ဓာ...... ဟုသာမန်ဟောကြားတော်မူအပ်ပါ လျက်၊ ဤပုရေဇာတပစ္စည်း၌ အဘယ့်ကြောင့် ဝတ္ထုံပုရေဇာတပစ္စယာ ဟုအထူးထုတ်ဖော်ဟောကြားတော်မူအပ်ပါသနည်း၊

ဟိတ်ပါဌ်၏အရကား- ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သောကုသိုလ်ဇောပိသနာမက္ခန္ဓာအားတပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းအစဟိုသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ (နိယောသမာပတ်မှထသောအခါရှေးစိတ္တက္ခဏာတချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု) မနောဘာသန္တကုသိုလ်ဇောငါးချက်အားဘပ်သောစုတိစိတ်မှ ဖြန့်၍ရေသည်ယှိသော်တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုပစ္စည်းတရားတို့၏ ဝတ္ထုပုရေဇာတသတ္တိရ၏။

---

(ဖြေ) နိယမအားဖြင့် ဟဒယဝတ္ထု၏ ပုရေဇာတ ပစ္စည်းဖြစ်သောကြောင့်...... ဝတ္ထုံပုရေဇာတပစ္စယာ...... ဟုအသုံးထုတ်ဖေါ်ဟောကြားတော်မူပါသည်။

**ပုရေဇာတပစ္စယေယထာအညတ္တပစ္စယံအနိဒ္ဒိသိတွာဝဒေသနာကတာ။**
**ဝေဝံအကတွာကသ္မာဝတ္ထုံပုရေဇာတပစ္စယာတိဝုတ္တန္တိနိယမသဗ္ဘာဝါ။**

**ပဋ္ဌာန်းမူလဋီကာ (၁၅၉-၁၇)**

ပုရေဇာတပစ္စယေ၌၊ အညတ္တပုရေဇာတမှတပါးသောဟေတုအစယှိသောပစ္စည်းတို့၌။ပစ္စယံ၊ပစ္စည်းကို။ အနိဒ္ဒိသိတွာဝ၊ မညွှန်ကြားမူ၍သာလျှင်။ဒေသနာ၊ဒေသနာတော်ကို။ ကတာယထာ၊ပြုတော်မူအပ်သကဲ့သို့၊ ဧဝံတထာ၊ထို့အတူ။အကတွာ၊ မပြုမူ၍။ကသ္မာ၊အဘယ့်ကြောင့်၊ ဝတ္ထုံပုရေဇာတပစ္စယာတိ၊ပစ္စယာဟူ၍၊ ဝုတ္တံ၊ ဟောတော်မူအပ်ပါသနည်း၊ဣတိအယံ၊ဤသည်ကား၊ပုစ္ဆာ၊အမေးတည်း၊နိယမသဗ္ဘာဝါ၊ ဟဒယဝတ္ထု၏မြဲသောအားဖြင့်ပုရေဇာတနိယသသပစ္စည်းဖြစ်သောကြောင့်၊ ဝတ္ထုံပုရေဇာတပစ္စယာတိ၊ပစ္စယာဟူ၍၊ဝုတ္တံ၊ဟောတော်မူအပ်၏။

(ပဋ္ဌာန်းအရကောက်ဆရာတော်ကား။ ပုရေဇာတဝိဘင်္ဂဝါရ၌ အာရမ္မဏပုရေဇာတကိုဟောတော်မမူ။ဝတ္ထုပုရေဇာတကိုသာဟောတော်မူသည်။ထို့ကြောင့် ဝတ္ထုံပုရေဇာတပစ္စယာ .... ဟုဒေဟာကြားတော်မူသည်-ဟု မိန့်ဆိုတော်မူ၏။)

---

**အာရမ္မဏပုရေဇာတကိုမဟောခြင်း။**

(မေး) ပုရေဇာတဝိဘင်္ဂဝါရ၌ ပုရေဇာတသည်အာရမ္မဏပုရေဇာတ,ဝတ္ထုပုရေဇာတအားဖြင့်နှစ်မျိုးယှိရာ။အဘယ်ပုရေဇာတကို ဘုရားသျှင်ဟောကြားတော်မူပါသနည်း၊ နှစ်မျိုးလုံးကိုပင် ဟောကြားတော်မူပါသလော။

**အကုသလပဒ။**

အကုသလေနအကုသလံ.....၌ကဏ္ဍားပါဌ်၏အနက်အကြား- ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ခန္ဓါဒသ, စေသတ္တဝိဿ အစိတ်အစိတ် နှင့် မကျွန်ခါက်ချွဲ၍ဖြစ်သောအကုသိုလ်ခန္ဓါဒသ,စေသတ္တဝိဿအစိတ်အစိတ်နှင့် မကျွန်ခါ ပစ္စယုပ္ပန်တရားရဲ့။

ဟိတ်ပါဌ်၏အနက်အကြား- ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက် နောက်သောအကုသိုလ်ခန္ဓါဒသအားတပ်သော ဂုဏ္ဍော,မနေးခွါရာဝဇ္ဇန်းအ စယှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။မရဏာ သန္နအခါ အကုသိုလ်ဇော ငါးချက်အားတပ်သော စုတိစိတ်မှ ပြန်၍ရေ သည့်ယှိသော်- တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ဝတ္ထုပုရေဇာတသတ္တိရဲ့။

---

(ဖြေ) အာရမ္မဏပုရေဇာတကို ဟောကြားတော်မမူပဲ၊ ဝတ္ထုပုရေ ဇာတ, တမျိုးတည်းကိုသာ ဟောကြားတော်မူပါသည်။

(မေး) အဘယ့်ကြောင့်— အာရမ္မဏပုရေဇာတ.......ကို ဘုရားသျှင် ဟောကြားတော်မမူပါသနည်း။

(ဖြေ) ရူပအစယှိသော အာရုံတရားသည် နိယာမအားဖြင့် ပုရေဇာ တပစ္စည်းကိုမရသောကြောင့် အာရမ္မဏပုရေဇာတကိုဘုရားသျှင်ဟော ကြားတော်မမူခြင်းဖြစ်ပါသည်။

ထင်ရှားစေဦးအံ့။ ။ရူပအစယှိသော အာရုံတရားတို့သည် စက္ခု ဝိညာဉ်စသည်တို့အားသာ အာရမ္မဏပုရေဇာတပစ္စည်းအဖြစ်ကို ပြုစေ သည်၊ မနောဝိညာဏဓာတ်အား အတိတ် အနာဂတ်ဖြစ်သော ရူပါရုံစ သည်တို့သည်လည်း အာရုံပြု၍ဖြစ်နိုင်လေသည်။ အာရမ္မဏပုရေဇာတ ကားပစ္စုပ္ပန်သက်သက်သာလျှင်ဖြစ်လေသည်၊ ထို့ကြောင့် ပုရေဇာတ ဝိဘင်္ဂဝါ၌ အာရမ္မဏပုရေဇာတကို ဘုရားသျှင်ဟောကြားတော်မမူ ခြင်းဖြစ်ပါသည်။

အာရမ္မဏံပနနိယမတော ပုရေဇာတပစ္စယဘာဝံ နလဘတိ ရူပါယတနာ ဒီနိဟိစက္ခုဝိညာဏာဒီနံယေဝ ပုရေဇာတပစ္စယတံသာဓေန္တိ၊ မနော ဝိညာဏဓာတုယာ အတီတာနာဂတာနိပိ အာရမ္မဏံ ဟောန္တိယေဝ၊ တသ္မာဣဓနဂဟိတံ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၅၆-၆)

ပန၊ အဘို့တပါးကိုဆိုဦးအံ့၊ အာရမ္မဏာ၊ အာရုံဖြစ်သောတရားသည်၊ နိယမတော၊ မြဲသောအားဖြင့်၊ ပုရေဇာတပစ္စယဘာဝံ၊ ပုရေဇာတပစ္စည်း၏ အဖြစ်ကို နလဘတိ၊ မရ၊ ဟိတပ္ပါကရိကရောမိ ထိုစကားကိုထင်ရှားအောင်ပြုပါအံ့၊ ရူပါယတနာဒီနိ၊ ရူပါရုံစသည်တို့သည်၊ စက္ခုဝိညာဏာဒီနံ ယေဝ၊ စက္ခုဝိညာဉ်စသည်တို့အားသာလျှင်၊ ပုရေဇာတပစ္စယတာ၊ အာရမ္မဏပုရေဇာတပစ္စည်းအဖြစ်ကို၊ သာဓေန္တိ၊ ပြီးစေကုန်၏၊ မနောဝိညာဏဓာတုယာ၊ မနောဝိညာဏဓာတ်အား၊ အတီတာနာဂတာနိပိ၊ အတိတ် အနာဂတ်လည်းဖြစ်ကုန်သော၊ ရူပါယတနာဒီနိ၊ တို့သည်၊ အာရမ္မဏာ၊ အာရုံသည်၊ ဟောန္တိယေဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း၊ တသ္မာ၊ ထို့ကြောင့်၊ ဣဓ၊ ဤပုရေဇာတဝိဘင်္ဂပါဠိ၌၊ တံ၊ အာရမ္မဏပုရေဇာတကို၊ နဂဟိတံ၊ မယူအပ်၊

---

## ဝိပါကာဗျာကတံ–အရေသွန်းပြခြင်း။

(မေး) ဝိပါကာဗျာကတံ .....ဟူသောပါဠိ၌ ဝိပါက်အဗျာကတသည် (၁) ပဋိသန္ဓေဝိပါက်အဗျာကတ (၂) ပဝတ္တိဝိပါက်အဗျာကတအားဖြင့်နှစ်မျိုးရှိရာ၊ အဘယ်ဝိပါက် အဗျာကတကိုသာ ယူသင့်ပုံကို အကြောင်းယုတ္တိပြ၍ ဖြေရှင်းခဲ့ပါ၊

(ဖြေ) ပဋိသန္ဓေဝိပါက်အဗျာကတအား ဟဒယဝတ္ထုသည် သဟဇာတပစ္စည်းသာဖြစ်သည်၊ ပုရေဇာတပစ္စည်း မဖြစ်နိုင်သောကြောင့်- ဝိပါကာဗျာကတံ .....ဟူသောပါဠိ၌ ပဋိသန္ဓေဝိပါက်အဗျာကတကိုမယူရ၊ ပဝတ္တိဝိပါက်အဗျာကတကိုသာယူရပါသည်၊

**ယံ ဝိပါကာဗျာကတဿ ပဋိသန္ဓိက္ခဏေ သဟဇာတပစ္စယော ဟောတိ၊**
**တံ ပုရေဇာတပစ္စယဘာဇနီယတ္တာ ဣဓ န ဂဟေတဗ္ဗံ၊**

**ပဋ္ဌာန်းအဋ္ဌကထာ [၃၅၆-၂]**

